မြန်မာကျောင်းသားများအဖွဲ့အစည်း-သီရိလင်္ကာ

# နိုင်ငံတကာ တက္ကသိုလ်များ မိတ်ဆက်




2025-2026

J

# မာတိကာ

*မာတိကာ* .......... ၁

*အမှာစာ* .......... ၂

*၁။ Nan Tien Institute of Higher Education (NTN)* .......... ၄

*၂။ University of Delhi* .......... ၁၀

*၃။ Nalanda University (NU)* .......... ၁၈

*၄။ Fo Guang University (FGU)* .......... ၂၉

*၅။ Harvard University* .......... ၃၄

*၆။ HKU* .......... ၃၅

*၇။ IBSC (International Buddhist Studies College), MCU, Thailand* .......... ၄၆

*၈။ Mahidol University, Thailand* .......... ၅၂

*၉။ Assumption University* .......... ၅၉

*၁၀။ Banaras Hindu University* .......... ၆၉

# အမှာစာ

မြန်မာကျောင်းသားများအဖွဲ့အစည်း (MSAS) နှင့် နိုင်ငံတကာရှိ မြန်မာကျောင်းသားများ စုပေါင်းကျင်းပသည့် နိုင်ငံတကာတက္ကသိုလ်များ၏ ဗုဒ္ဓစာပေလေ့လာရေးဌာနများ မိတ်ဆက်အစီအစဉ်ကို ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ (၆) ရက်နေ့မှ ၂၀၂၆ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့အထိ နှစ်လတာအတွင်း နိုင်ငံတကာရှိတက္ကသိုလ် (၁၀) ခုတို့၏ ဗုဒ္ဓစာပေလေ့လာရေးဌာနများကို မိတ်ဆက်ပေးနိုင်ခဲ့ပါသည်။ ထိုမိတ်ဆက်ပွဲကို အဓိကရည်ရွယ်ချက် သုံးရပ်ဖြင့် စီစဉ်ဆောင်ရွက်ခဲ့ကြပါသည်။ ယင်းတို့မှာ-

**၁။ ဗုဒ္ဓဘာသာလေ့လာရေးကို စိတ်ဝင်စားကြသည့် မြန်မာနိုင်ငံမှ ကျောင်းသားများ နိုင်ငံတကာပညာရေးကို ပညာသင်ဆုများဖြင့် တက်လှမ်းနိုင်ကြစေရန်၊**

**၂။ ဗုဒ္ဓဘာသာလေ့လာရေးကို စိတ်ဝင်စားကြသည့် နိုင်ငံတကာရောက် မြန်မာကျောင်းသားများ၊ မြန်မာပညာရှင်များ ကွန်ရက်တစ်ခုချိတ်ဆက်၍ သုတေသနလုပ်ငန်းများကို လက်တွဲဆောင်ရွက်နိုင်ကြစေရန်၊**

**၃။ ပညာရပ်ဆိုင်ရာ နယ်ပယ်အသီးသီးတွင် လုပ်ကိုင်ကြသည့်အခါ ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်း၍ ထိထိရောက်ရောက် ဆောင်ရွက်နိုင်ကြစေရန်တို့ ဖြစ်ကြပါသည်။**

ထိုရည်ရွယ်ချက်တို့ကို အတိုင်းအတာတစ်ခုထိ ဖြည့်ဆည်းပေးနိုင်ခဲ့သည်ဟု ယုံကြည်မိပါသည်။

ယခုထွက်ပေါ်လာသည့် စာအုပ်သည် နိုင်ငံတကာတက္ကသိုလ်မိတ်ဆက်အခန်းကဏ္ဍတွင် အသုံးပြုခဲ့သော Facebook ပို့စ်များ၊ PowerPoint Slide များကို ပြန်လည်မွမ်းမံထားခြင်း ဖြစ်ပါသည်။ နိုင်ငံတကာတက္ကသိုလ်များရှိ ဗုဒ္ဓစာပေလေ့လာရေးဌာနများကို

စိတ်ဝင်စားကြသူများ၊ နိုင်ငံတကာများသို့ ပညာသင်ကြားရန် စိတ်ဝင်စားသူများအတွက် လိုအပ်သည့် သတင်းအချက်အလက်များကို တစ်စုတစ်စည်းတည်း အလွယ်တကူ ရရှိနိုင်ရန် ရည်ရွယ်ပါသည်။ ဤစာအုပ်ကို လေ့လာသည့်အခါ လိုအပ်သည့်နေရာများတွင် အစီအစဉ်များအတွင်း မျှဝေခဲ့ကြသည့် MSAS YouTube Channel (**https://www.youtube.com/@MSASChannel/videos**) ရှိ ဗီဒီယိုများနှင့် တွဲဖက်လေ့လာသင့်ပါသည်။ နိုင်ငံတကာတက္ကသိုလ်များမိတ်ဆက် အသီးသီး၏ အဆုံးတွင်လည်း သက်ဆိုင်ရာ ဗီဒီယိုလင့်ခ်များကို ထည့်သွင်းပေးထားပါသည်။

ဤစာအုပ်သည် နိုင်ငံတကာရှိ မြန်မာကျောင်းသားများနှင့် MSAS အဖွဲ့သားများ၏ စုပေါင်းအားထုတ်မှု၏ ရလဒ်ဖြစ်ပါသည်။ အထူးသဖြင့် ဤစာအုပ် ဖြစ်မြောက်အောင် ကြိုးပမ်းပေးခဲ့ကြသော နိုင်ငံတကာတက္ကသိုလ်အသီးသီးမှ ဆရာတော်များ၊ လူပုဂ္ဂိုလ်များ၊ ဖတ်ရှုအကြံပြုပေးခဲ့သည့် အတွင်းရေးမှူးဆရာတော်နှင့် ပြန်ကြားရေးဌာနမှ ဆရာတော်များအား MSAS တစ်ဖွဲ့လုံး၏ကိုယ်စား ဘိက္ခုသောပါကမှ ကျေးဇူးအထူးတင်ရှိပါသည်။ ဤစာအုပ်တွင် လိုအပ်ချက်များ၊ ပြင်ဆင်ဖြည့်စွက်စရာများ ရှိနေနိုင်ပါသေးသည်။ ထိုလိုအပ်ချက်များနှင့် အဆင်မပြေမှုများသည် မိမိ၏ စီမံခန့်ခွဲမှု အားနည်းခြင်းကြောင့်သာဖြစ်ကြောင်း ဝန်ခံအပ်ပါသည်။

**အားလုံး ကြည်လင်ချမ်းမြေ့နိုင်ကြပါစေ။**

**ဒေါက်တာဘိက္ခုသောပါက**

**ဥက္ကဋ္ဌ**

**မြန်မာကျောင်းသားများ အဖွဲ့အစည်း – သီရိလင်္ကာ (MSAS)**




**၁။ Nan Tien Institute of Higher Education (NTN)**

Nan Tien Institute သည် ဗုဒ္ဓစာပေနှင့် ပက်သက်သော သင်တန်းများကို သင်ကြားပို့ချသည့် ဩစတေးလျနိုင်ငံ၏ ပထမဦးဆုံးသော အစိုးရအသိမှတ်ပြု တက္ကသိုလ်တစ်ခုဖြစ်သည်။ NTI ကို ၂၀၁၅ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး ကမ္ဘာ့တောင်ဖက်ခြမ်းတွင် အကြီးမားဆုံး ဗုဒ္ဓဘာသာဘုန်းကြီးကျောင်း ဟူသည့် ဂုဏ်ထူးကို ခံယူထားသော Nan Tien Temple နှင့် တွဲဖက်ထားသည်။

Applied Buddhist Studies ဘာသာကို အင်္ဂလိပ်ဘာသာဖြင့် သင်ကြားလျက်ရှိသည့် တစ်ခုတည်းသော တက္ကသိုလ်လည်းဖြစ်ပြီး NTI ၏ စီမံသင်ကြားရေးဌာနများကိုလည်း

အတွေ့အကြုံရင့် ဆရာများဖြင့် ဖွဲ့စည်းထားသည်။ ကျောင်းသားများအတွက် အဆင့်အတန်းမီ Academic Support နှင့် Learning Resources များကိုလည်း ထားရှိပေးကာ လက်ရှိတွင် နိုင်ငံတကာမှ ကျောင်းသားများ ပညာဖလှယ်ရာ နေရာတစ်ခုအဖြစ် ရပ်တည်လျက်ရှိသည်။

### 📖 ဖွင့်လှစ်ထားသော သင်တန်းများ

NTI ၏ အတန်းများကို Hybrid mode ဖြင့် ပို့ချပေးလျက်ရှိသောကြောင့် သြစတေးလျတွင် လူကိုယ်တိုင် သွားရောက်သင်ယူနိုင်သကဲ့သို့ အွန်လိုင်းမှတစ်ဆင့်လည်း တက်ရောက်သင်ယူနိုင်ပြီး တက္ကသိုလ်တွင် ယခုလက်ရှိတွင် အောက်ပါသင်တန်းများကို ဖွင့်လှစ်ထားသည်။

Applied Buddhist Studies (Master of Arts, Graduate Diploma, Graduate Certificate)

Mental Health (Master of Arts, Graduate Diploma, Graduate Certificate)

Health and Social Wellbeing (Master of Arts, Graduate Diploma, Graduate Certificate)

Humanistic Buddhism (Graduate Certificate)

Applied Mindfulness (Graduate Certificate)

### 📆 ဝင်ခွင့်ကာလနှင့် လိုအပ်ချက်များ

သင်တန်းများအားလုံး graduate courses ဖြစ်သည့်အလျောက် ဝင်ခွင့်အတွက် အသိအမှတ်ပြု BA ဘွဲ့တစ်ခုခု ရရှိထားရန် လိုအပ်ပါသည်။

(Mental Health အတန်းများအတွက်မူ healthcare နှင့် ဆက်စပ်သော BA ဘွဲ့ကို ရရှိထားရန် လိုအပ်ပါသည်။)

**စာရွက်စာတမ်းများအနေဖြင့် -**

1. Passport
2. Academic transcripts/testamurs from previous tertiary study
3. Completed GTE form
4. Current resume/CV
5. Proof of change of name (if applicable)
6. Evidence of English language proficiency
7. Evidence of financial capacity

တို့ကို ပြင်ဆင်ထားရမည်ဖြစ်သည်။

ဝင်ခွင့်အတွက် လျှောက်လွှာကို တစ်နှစ်လျှင် ၂ ကြိမ် ခေါ်ယူလျက်ရှိကာ ပထမအသုတ်အတွက် ဇန်နဝါရီလ မှ မတ်လ အထိ၊ ဒုတိယအသုတ်အတွက် ဇူလိုင်လ မှ စက်တင်ဘာလ အထိ လျှောက်ထားနိုင်သည်။

**အင်္ဂလိပ်စာလိုအပ်ချက်**

တက္ကသိုလ်ဝင်ခွင့်လျှောက်ရန်အတွက် အောက်ပါ အင်္ဂလိပ်စာအရည်အချင်းစစ် စာမေးပွဲ လေးမျိုးကို ဖြေဆိုနိုင်သည်။

IELTS (Academic) - Overall score from 6.5, with no sub-band score less than 6.0

C1 Advanced - Overall score from 176, with no score less than 169 in any paper

PTE - Overall score from 62, with no band score less than 54

TOEFL iBT - Overall score from 79, with no score lower than 13 for reading, 12 for listening, 18 for speaking, and 21 for writing

အင်္ဂလိပ်စာအရည်အချင်း လက်မှတ်ကို တက္ကသိုလ်ဝင်ခွင့်နှင့် ကျောင်းသားဗီဇာ လျှောက်ရန်အတွက် လိုအပ်သောကြောင့် မဖြစ်မနေ ရရှိထားရန် လိုအပ်သည်။

### 🌑 သင်တန်းကာလနှင့် သင်တန်းကြေး

MA အတန်းအတွက် ဘာသာရပ် ၁၂ ခုကို သင်ယူရမည်ဖြစ်ပြီး စုစုပေါင်းသင်တန်းကြေးမှာ Australian Dollar 43200 ဝန်းကျင် (USD 29000 ခန့်) ကျသင့်မည်ဖြစ်ကာ သင်တန်းကာလမှ ၁ နှစ်ခွဲ မှ ၂ နှစ်ခန့် ကြာမြင့်မည်ဖြစ်သည်။ Graduate Diploma အတွက် ဘာသာရပ် ၉ ခုကို တစ်နှစ်အတွင်း သင်ယူရမည်ဖြစ်ပြီး သင်တန်းကြေးမှာ Australian Dollar 28000 ဝန်းကျင် (USD 18800 ခန့်) နှင့် ၆ လကြာမြင့်မည့် Graduate Certificate အတွက်မူ ဘာသာရပ် ၅ ခု၊ သင်တန်းကြေး Australian Dollar 14000 ဝန်းကျင် (USD 940 ခန့်) ကျသင့်မည်ဖြစ်သည်။

### 💵 နေထိုင်စရိတ်

တက္ကသိုလ်မှ နိုင်ငံတကာမှ ကျောင်းသားများအတွက် လမ်းညွှန်ချက်တွင် အပတ်စဉ်အခြေခံ နေထိုင်စားသောက်မှုအတွက် ကုန်ကျစရိတ်ကို အနည်းဆုံး Australian Dollar 560 (USD 377 ခန့်) ဟု ဖော်ပြထားသောကြောင့် နှစ်စဉ် နေထိုင်စရိတ်အနေဖြင့် Australian Dollar 29000 (USD 19500 ခန့်) ကုန်ကျမည်ဖြစ်သည်။

### 🏆 ပညာသင်ဆု

နိုင်ငံတကာကျောင်းသားများအနေဖြင့် Hsing Yun Education Foundation မှ Applied Buddhist Studies နှင့် Humanistic Buddhism သင်တန်းများအတွက်ပေးအပ်သော Overseas

Scholarships ကို လျှောက်ထားနိုင်သည်။ ပညာသင်ဆုလျှောက်ရန်အတွက် လျှောက်လွှာနှင့်အတူ -

1. Letter of recommendation
2. Personal statement
3. Details of other awards or scholarships, if any
4. Any other documents to support your application
5. Sign the declaration on this application form

တို့ကို ပေးပို့၍ လျှောက်ထားနိုင်သည်။

ယခုနှစ်အတွက် လျှောက်လွှာကာလများမှာ အောက်ပါအတိုင်းဖြစ်သည်။

2nd round 2026 – closing date for applications: 6 March 2026

1st round 2027 – closing date for applications: 4 September 2026

ပညာသင်ဆုအမျိုးအစားမှာ full scholarship ဖြစ်ပြီး ကျောင်းစရိတ်များအပါအဝင် နေထိုင်မှုအတွက် သင်တန်းကာလတစ်လျှောက်လုံး Nan Tien Temple မှ ဖွင့်လှစ်ထားသော Pilgrim Lodge တွင် အခန်းတစ်ခန်းရမည်ဖြစ်ကာ အစားအသောက်အတွက်လည်း Temple မှ သက်သတ်လွတ်ဟင်းကို ကျွေးမွေးသွားမည်ဖြစ်သည်။

MA သင်တန်းအတွက် scholarship ကာလမှာ လူကိုယ်တိုင် သွားရောက်သင်ယူမည့်သူများအတွက် ၁ နှစ်ခွဲ ပေးထားပြီး online မှတစ်ဆင့် သင်ယူသူများအတွက် ၂ နှစ်အထိပေးထားသည်။ ပညာသင်ဆု ရရှိထားသော ကျောင်းသားများအနေနှင့် အတန်းချိန် အနည်းဆုံး ၈၀ ရာခိုင်နှုန်းပြည့်မည်ရမည်ဖြစ်ပြီး

ဘာသာရပ် ပျှမ်းမျှအမှတ်ကို အနည်းဆုံး ‘credit’ grade (65 – 74) ရရှိအောင် ထိန်းသိမ်းထားရမည်ဖြစ်သည်။

## 🎯 အနာဂတ်အခွင့်အလမ်းများ

NTI သည် ဩစတေးလျအစိုးရက အသိအမှတ်ပြုထားသော တက္ကသိုလ်ဖြစ်သည့်အလျောက် ဘွဲ့ရပြီးသောအခါ သက်ဆိုင်ရာနယ်ပယ်အလိုက် သင်ကြားရေးနှင့် စီမံရေးနယ်ပယ်များတွင် ဝင်ရောက်လုပ်ကိုင်ရန်အတွက်သာမက သုတေသနဆိုင်ရာ လုပ်ငန်းများတွင် ဆက်လက်လျှောက်လှမ်းရန် များစွာ အထောက်အကူပြုမည်ဖြစ်သည်။

အသေးစိတ်အချက်အလက်များကို အောက်ပါ လိပ်စာတွင် လေ့လာနိုင်သလို၊ MSAS ၏ YouTube စာမျက်နှာတွင်လည်း လေ့လာနိုင်ပါသည်။

**Website:** **https://www.nantien.edu.au/**

**YouTube Video:** **Nan Tien Institute of Higher Education (NTN)**




## ၂။ University of Delhi

## ပညာရွှေအိုးကို အခမဲ့ တူးဖော်နိုင်မည့် အခွင့်အလမ်း

၁။ ဒေလီတက္ကသိုလ်၏အမည်အပြည့်အစုံနှင့် အတိုကောက်မှာ University of Delhi (DU) ဖြစ်ပါသည်။

**သမိုင်းအကျဉ်းနှင့် တည်ထောင်ခုနှစ်:**

၁၉၂၂ ခုနှစ်တွင် ဗဟိုဥပဒေပြုလွှတ်တော်၏ အက်ဥပဒေဖြင့် စတင်တည်ထောင်ခဲ့ပြီး အိန္ဒိယနိုင်ငံ၏ ရှေးအကျဆုံးနှင့် ဂုဏ်သတင်းအကျော်ကြားဆုံး တက္ကသိုလ်တစ်ခု ဖြစ်ပါသည်။ အိန္ဒိယနိုင်ငံ၊ ဒေလီမြို့ (Delhi) တွင် တည်ရှိပြီး မြောက်ပိုင်းနယ်မြေ (North Campus) နှင့် တောင်ပိုင်းနယ်မြေ (South Campus) ဟူ၍ အဓိကနယ်မြေကြီး နှစ်ခုရှိပါသည်။

**ရည်မှန်းချက်:** သင်ကြားရေးနှင့် သုတေသနလုပ်ငန်းများတွင် အဆင့်မြင့်မားသော စံနှုန်းများကို ထိန်းသိမ်းရန်နှင့် ထူးချွန်သော ပညာရှင်များကို မွေးထုတ်ပေးရန် ရည်ရွယ်ပါသည်။

**၂။ ပညာရေးကဏ္ဍ (Academics)**

သင်ကြားပေးသော ဘာသာရပ်များ: ဝိဇ္ဇာ၊ သိပ္ပံ၊ လူမှုရေးသိပ္ပံ၊ စီးပွားရေး၊ နည်းပညာ၊ ဥပဒေနှင့် အနုပညာ စသည့် ဘာသာရပ်ပေါင်းစုံကို ကောလိပ်ပေါင်း ၉၀ ကျော်တွင် သင်ကြားပေးနေပါသည်။

**ဘွဲ့အဆင့်များ:**

အခြေခံဘွဲ့ (Undergraduate)၊ မဟာဘွဲ့ (Postgraduate) နှင့် ပါရဂူဘွဲ့ (Ph.D.) အပြင် ဒီပလိုမာနှင့် လက်မှတ်ရသင်တန်းများကိုလည်း တက်ရောက်နိုင်ပါသည်။

**၃။ ဝင်ခွင့်နှင့် ပညာသင်ဆု** (Admissions & Scholarships)

University of Delhi သည် နိုင်ငံတကာကျောင်းသားများအတွက် ICCR Scholarship အစီအစဉ်ကို လက်ခံဆောင်ရွက်ပေးလျက်ရှိပါသည်။

**ICCR Scholarship အကြောင်း**

အိန္ဒိယယဉ်ကျေးမှုဆက်ဆံရေးကောင်စီ (Indian Council for Cultural Relations - ICCR) မှ ပေးအပ်သော ဤပညာသင်ဆုသည် အိန္ဒိယအစိုးရ၏ အဓိကအစီအစဉ်တစ်ခုဖြစ်ပြီး နိုင်ငံတကာကျောင်းသားများကို အခမဲ့ပညာသင်ကြားခွင့်ပေးခြင်း ဖြစ်ပါသည်။

**ပညာသင်ဆု၏ အကျိုးခံစားခွင့်များ:**

✅ကျောင်းလခ (Tuition Fees) အားလုံး ကင်းလွတ်ခွင့်။

✅လစဉ် နေထိုင်စရိတ် (Monthly Stipend) ။

✅အဆောင်ခ သို့မဟုတ် အိမ်ငှားခ (Hostel/House Rent Allowance) ။

✅စာအုပ်စာတမ်းစရိတ်နှင့် အခြားအထွေထွေ အထောက်အပံ့များ။

💻**လျှောက်ထားရန် ပုံစံ**: ICCR ၏ "A2A Scholarship Portal" (https://a2ascholarships.iccr.gov.in) မှတစ်ဆင့် အွန်လိုင်းဖြင့် တိုက်ရိုက်လျှောက်ထားရပါမည်။

**ဝင်ခွင့်လိုအပ်ချက်:** နိုင်ငံတကာကျောင်းသားများသည် ဝင်ခွင့်စာမေးပွဲဖြေဆိုရန် မလိုသော်လည်း မိမိတို့လျှောက်ထားသည့် ဘာသာရပ်အလိုက် သတ်မှတ်ထားသော ပညာအရည်အချင်းနှင့် အင်္ဂလိပ်စာကျွမ်းကျင်မှု ရှိရပါမည်။

## ၄။ ပညာသင်ကြားခနှင့် ကုန်ကျစရိတ် (Fees & Expenses)

ကိုယ်ပိုင်စရိတ်ဖြင့် တက်ရောက်သူများအတွက်: ကျောင်းလခမှာ ဘာသာရပ်နှင့် ကောလိပ်အပေါ်မူတည်၍ ကွာခြားမှုရှိနိုင်ပြီး တစ်နှစ်လျှင် ရူပီး ၆,၀၀၀ မှ ၁,၀၀၀,၀၀၀ ကျော်အထိ ရှိနိုင်ပါသည်။

**နေထိုင်စရိတ်:** တက္ကသိုလ်အဆောင်တွင် နေထိုင်ပါက တစ်လလျှင် ရူပီး ၃,၀၀၀ မှ ၆,၀၀၀ ဝန်းကျင်ခန့် ကုန်ကျနိုင်ပြီး ပြင်ပတွင် ငှားရမ်းနေထိုင်ပါက ရူပီး ၁၀,၀၀၀ ကျော်အထိ ကုန်ကျနိုင်ပါသည်။

## ၅။ နိုင်ငံတကာကျောင်းသားများအတွက် ဝန်ဆောင်မှု (International Student Support)

University of Delhi တွင် နိုင်ငံတကာကျောင်းသားများအတွက် သီးသန့်ဝင်ခွင့်ရုံး (Foreign Students' Registry - FSR) ရှိပြီး ဝင်ခွင့်ဆိုင်ရာ ကိစ္စရပ်များနှင့် ဗီဇာကိစ္စရပ်များကို ကူညီပေးပါသည်။ နိုင်ငံတကာကျောင်းသားများ အဆောင် (International Students' House) နှင့် အခြားအဆောင်များလည်း

ရှိပါသည်။ ICCR နှင့် တက္ကသိုလ်အကြား နားလည်မှုစာချွန်လွှာ (MoU) ရေးထိုးထားသဖြင့် ICCR ပညာသင်ဆုရ ကျောင်းသားများအတွက် အထူးအလေးပေး ဆောင်ရွက်ပေးလျက်ရှိပါသည်။

**University of Delhi ရှိ Buddhist Studies Department အကြောင်း**

University of Delhi ၏ Buddhist Studies ဌာန သည် အိန္ဒိယနိုင်ငံတွင်သာမက ကမ္ဘာ့အဆင့်တွင်ပါ ဗုဒ္ဓဘာသာဆိုင်ရာ ပညာရပ်များအတွက် အထူးထင်ရှားသော ဌာနတစ်ခု ဖြစ်ပါသည်။

**၁။ ဌာန၏ သမိုင်းကြောင်းနှင့် ရည်မှန်းချက် (Department Overview)**

**တည်ထောင်မှု:** ၁၉၅၇ ခုနှစ်တွင် အိန္ဒိယနိုင်ငံ၏ ပထမဆုံးသော ဝန်ကြီးချုပ် ဂျဝါဟာလာနေရူး (Jawaharlal Nehru) ၏ လမ်းညွှန်မှုဖြင့် ဗုဒ္ဓမြတ်စွာ သာသနာ ၂၅၀၀ ပြည့် အထိမ်းအမှတ်အဖြစ် စတင်တည်ထောင်ခဲ့ပါသည်။

**ရည်မှန်းချက်:** ရှေးဟောင်းဗုဒ္ဓဘာသာ စာပေများ၊ ဘာသာစကားများ (Pali, Sanskrit, Tibetan, Chinese) နှင့် ဗုဒ္ဓဘာသာ သမိုင်း၊ ဒဿနများကို သုတေသနပြု စံနစ်တကျ သင်ကြားရန် ဖြစ်ပါသည်။

**၂။ သင်ကြားပေးသော ဘာသာရပ်များနှင့် ဘွဲ့သင်တန်းများ (Courses Offered)**

ဤဌာနတွင် အောက်ပါ သင်တန်းများကို တက်ရောက်နိုင်ပါသည်-

**Certificate & Diploma: ပါဠိ၊ တိဗက် နှင့် တရုတ်ဘာသာစကား သင်တန်းများ။**

M.A. in Buddhist Studies: ဗုဒ္ဓဘာသာ သမိုင်း၊ ဒဿန၊ စာပေ နှင့် ကျောက်စာပညာရပ်များကို အထူးပြုသင်ကြားသော (၂) နှစ်သင်တန်း။

Ph.D. in Buddhist Studies: အဆင့်မြင့် သုတေသနပြုလိုသူများအတွက် ပါရဂူဘွဲ့သင်တန်း။

**၃။ အဓိက သင်ကြားရမည့် ဘာသာရပ်များ(Core Subjects)**

📚ပါဠိစာပေ (Pali Literature): ဝိနည်း၊ သုတ္တန်၊ အဘိဓမ္မာ နှင့် အဋ္ဌကထာများ။

📚ဗုဒ္ဓဘာသာ ဒဿန (Buddhist Philosophy)

📚အဘိဓမ္မာနှင့် နာမည်ကြီး ဗုဒ္ဓဘာသာ ကျောင်းတော်ကြီးများ၏ အယူအဆများ။

📚ဗုဒ္ဓဘာသာ သမိုင်းနှင့် ယဉ်ကျေးမှု: အိန္ဒိယနှင့် အာရှနိုင်ငံများသို့ ဗုဒ္ဓဘာသာ ပြန့်နှံ့ပုံ။

📚ဗုဒ္ဓဘာသာ အနုပညာနှင့် ရှေးဟောင်းသုတေသန: စေတီပုထိုးများ၊ ရုပ်ပွားတော်များနှင့် ဗုဒ္ဓဘာသာ ကျောက်စာများ။

**၄။ M.A. in Buddhist Studies**

မဟာဘွဲ့သင်တန်းသည် (၂) နှစ်တာ ကြာမြင့်ပြီး Semester (၄) ခု ခွဲခြားထားပါသည်။

ပထမနှစ် (Semester I & II): အခြေခံဘာသာရပ်များကို အဓိက သင်ကြားရပါသည်။

📚Pali Language & Literature: ပါဠိသဒ္ဒါနှင့် ဝိနည်း၊ သုတ္တန် စာပေများ။

📚Buddhist Sanskrit Literature: သက္ကတဘာသာဖြင့် ရေးသားထားသော ဗုဒ္ဓဘာသာကျမ်းစာများ။

📚History of Indian Buddhism: အိန္ဒိယနိုင်ငံတွင် ဗုဒ္ဓဘာသာ စတင်ပေါ်ပေါက်လာပုံနှင့် ထွန်းကားခဲ့ပုံ သမိုင်း။

📚Buddhist Philosophy: အခြေခံ ဗုဒ္ဓဘာသာ ဒဿနများနှင့် ကျောင်းတော်ကြီးများ၏ အယူအဆများ။

🔰ဒုတိယနှစ် (Semester III & IV): မိမိဝါသနာပါရာ အထူးပြုဘာသာရပ် (Optional/Elective Groups) များကို ရွေးချယ်သင်ယူရပါသည်။

✅Group A (Pali): ပါဠိစာပေကို အဆင့်မြင့် လေ့လာခြင်း။

✅Group B (Sanskrit): သက္ကတဗုဒ္ဓစာပေကို အဆင့်မြင့် လေ့လာခြင်း။

✅Group C (History & Archaeology): ဗုဒ္ဓဘာသာသမိုင်း၊ အနုပညာနှင့် ရှေးဟောင်းအဆောက်အအုံများ။

✅Group D (Philosophy): ဗုဒ္ဓဘာသာ ဒဿနကို အသေးစိတ် နှိုင်းယှဉ်လေ့လာခြင်း။

✅Group E (Tibetology/Chinese): တိဗက် သို့မဟုတ် တရုတ်ဗုဒ္ဓဘာသာလေ့လာရေး။

**၅။ နိုင်ငံတကာ ရဟန်းတော်များနှင့် ကျောင်းသားများအတွက် အခွင့်အလမ်း**

**ICCR Scholarship:** မြန်မာနိုင်ငံမှ ရဟန်းတော်များနှင့် လူပုဂ္ဂိုလ်များသည် ICCR ပညာသင်ဆုဖြင့် ဤဌာနတွင် အခမဲ့ လာရောက်ပညာသင်ယူနိုင်ပါသည်။

✅**သုတေသန အရင်းအမြစ်:** တက္ကသိုလ်၏ ဗဟိုစာကြည့်တိုက် (Central Library) နှင့် ဌာနပိုင်စာကြည့်တိုက်များတွင် ရှားပါး ဗုဒ္ဓဘာသာ ကျမ်းစာများနှင့် သုတေသနစာတမ်းများစွာ ရှိပါသည်။

✅**ဘာသာစကား အားသာချက်:** ပါဠိဘာသာစကားအပြင် သက္ကတ (Sanskrit) နှင့် တိဗက် (Tibetan) ဘာသာစကားများကိုပါ တွဲဖက်လေ့လာနိုင်သောကြောင့် မူရင်းကျမ်းစာများကို နှိုင်းယှဉ်လေ့လာလိုသူများအတွက် အလွန်သင့်တော်ပါသည်။

**၆။ ဆက်သွယ်ရန် (Contact for Admissions)**

* ရုံးခန်းတည်နေရာ: Room No. 307, 2nd Floor, Extension Building, Faculty of Arts, University of Delhi (North Campus).

* Website: http://buddhist.du.ac.in

ဗုဒ္ဓဘာသာပညာရပ်ဆိုင်ရာ (Buddhist Studies) ကို University of Delhi တွင်တက်ရောက်လိုသော ရဟန်းတော်များနှင့် ကျောင်းသားများအတွက် ICCR Scholarship လျှောက်ထားရာ၌ လိုအပ်သည့်

စာရွက်စာတမ်းများနှင့် ပညာသင်နှစ် အချိန်ဇယားများကို အောက်ပါအတိုင်း အသေးစိတ် ဖြည့်စွက်တင်ပြအပ်ပါသည်ဘုရား။

**၁။ ICCR Scholarship လျှောက်ထားရန် လိုအပ်သော စာရွက်စာတမ်းများ (Required Documents)**

ICCR ၏ A2A Portal တွင် လျှောက်လွှာတင်သည့်အခါ အောက်ပါတို့ကို အင်္ဂလိပ်ဘာသာပြန်ဆိုချက်များနှင့်တကွ ပြင်ဆင်ထားရပါမည်။

🎓**ပညာအရည်အချင်း အထောက်အထားများ:**

✅M.A. အတွက်: ဘွဲ့လက်မှတ် (Degree Certificate) နှင့် အမှတ်စာရင်း (Transcript)။

✅Ph.D. အတွက်: မဟာဘွဲ့လက်မှတ်နှင့် အမှတ်စာရင်း။ (ရဟန်းတော်များဖြစ်ပါက ဓမ္မာစရိယ သို့မဟုတ် သာသနတက္ကသိုလ်မှ ဘွဲ့လက်မှတ်များကို အင်္ဂလိပ်ဘာသာပြန်ဆိုထားရှိရပါမည်။)

✅နိုင်ငံကူးလက်မှတ် (Passport): အနည်းဆုံး သက်တမ်း (၆) လကျန်ရှိသော ပတ်စပို့ မိတ္တူ။

✅ကျန်းမာရေးထောက်ခံစာ (Medical Fitness Certificate): ICCR မှ သတ်မှတ်ထားသော ပုံစံဖြင့် ဆရာဝန်၏ လက်မှတ်ပါရှိရပါမည်။

✅ထောက်ခံစာ (Recommendation Letters): မိမိသင်ကြားခဲ့သော ဆရာတော် သို့မဟုတ် ပါမောက္ခ (၂) ပါး/ဦးထံမှ ထောက်ခံစာ။

✅ကိုယ်ရေးအကျဉ်း (Curriculum Vitae - CV): မိမိ၏ ပညာရေးနောက်ခံနှင့် အတွေ့အကြုံများ။

✅ရည်ရွယ်ချက်ဖော်ပြချက် (Statement of Purpose - SOP): အဘယ်ကြောင့် ဤဘာသာရပ်ကို သင်ယူလိုကြောင်းနှင့် မိမိ၏ အနာဂတ် ရည်မှန်းချက် (စာလုံးရေ ၅၀၀ ခန့်)။

✅အင်္ဂလိပ်စာ ကျွမ်းကျင်မှု: IELTS/TOEFL မရှိပါကလည်း မိမိယခင် သင်ကြားခဲ့သော ကျောင်းမှ "English Proficiency Certificate" (အင်္ဂလိပ်ဘာသာဖြင့် သင်ကြားခဲ့ကြောင်း ထောက်ခံစာ) တင်ပြနိုင်ပါသည်။

✅**သုတေသနစာတမ်းအကျဉ်း** (Research Proposal): (Ph.D. လျှောက်ထားသူများအတွက်သာ လိုအပ်ပါသည်)။

**၂။ ပညာသင်နှစ် အချိန်ဇယား**

(Academic Calendar & Intake)

University of Delhi ၏ ဝင်ခွင့်နှင့် ICCR Scholarship လျှောက်ထားမှုသည်များသောအားဖြင့် တစ်နှစ်လျှင် တစ်ကြိမ်သာ ရှိပါသည်။

✅ICCR Scholarship လျှောက်လွှာဖွင့်ချိန်: ပုံမှန်အားဖြင့် February သို့မဟုတ် March ဝန်းကျင်တွင် စတင်ခေါ်ယူလေ့ရှိပါသည်။ (ဇွန်လ/ဇူလိုင်လတွင် နောက်ဆုံးထား လျှောက်ထားရလေ့ရှိသော်လည်း စောစီးစွာ လျှောက်ထားရန် အကြံပြုပါသည်)။

✅တက္ကသိုလ်ဝင်ခွင့် ရလဒ်ထွက်ချိန်: ဇူလိုင်လ နှင့် ဩဂုတ်လ ကြားတွင် ICCR နှင့် တက္ကသိုလ်မှ ဝင်ခွင့်အတည်ပြုချက် ထွက်ပေါ်လာပါသည်။

အသေးစိတ်အချက်အလက်များကို အောက်ပါ လိပ်စာတွင် လေ့လာနိုင်သလို၊ MSAS ၏ YouTube စာမျက်နှာတွင်လည်း လေ့လာနိုင်ပါသည်။

**Website:** https://www.du.ac.in/

**YouTube Video:** University of Delhi




## ၃။ Nalanda University (NU)

### 📋အကျဉ်းချုပ်📝

**တည်နေရာ**: အိန္ဒိယနိုင်ငံ၊ ဗီဟာပြည်နယ်၊ ရာဇဂြိုဟ်မြို့။

**ရည်ရွယ်ချက်**: ရှေးဟောင်း နာလန္ဒာတက္ကသိုလ်၏ ဂုဏ်သိက္ခာကို ခေတ်သစ်ပုံစံဖြင့် ပြန်လည်ရှင်သန်စေရန်၊ ခေတ်မီပညာရပ်များကို နိုင်ငံတကာအဆင့်မီ သင်ကြားပို့ချသည့် ထိပ်တန်းတက္ကသိုလ်တစ်ခု ဖြစ်လာရေး ရည်မှန်းထားသည်။

### 📜 တက္ကသိုလ် သမိုင်းကြောင်း အကျဉ်း

၂၀၀၇ ခုနှစ်တွင် အိန္ဒိယအစိုးရက ရှေးဟောင်းနာလန္ဒာတက္ကသိုလ် ပြန်လည်ထူထောင်ရေး အဆိုပြုချက်ကို အရှေ့ အာရှနိုင်ငံများ(EAS)ထံ တင်ပြခဲ့သည်။ နိုင်ငံတကာပူးပေါင်းမှု: နိုင်ငံပေါင်း (၁၈)နိုင်ငံမှ ပူးပေါင်းပါဝင်သည့် နိုင်ငံတကာစီမံကိန်းဖြစ်လာခဲ့သည်။ (၂၅.၁၁.၂၀၁၀) အိန္ဒိယလွှတ်တော်၏ အက်ဥပဒေဖြင့် တရားဝင် တည်ထောင် ခဲ့သည်။

**အဆင့်အတန်း**:

အိန္ဒိယနိုင်ငံ၏ ဗဟိုတက္ကသိုလ် (Central University) အမျိုးအစားဖြစ်ပြီး နိုင်ငံခြားရေးဝန်ကြီးဌာန ( the Ministry of External Affairs)၏ တိုက်ရိုက်အုပ်ချုပ်မှုအောက်တွင် ရှိပြီး "နိုင်ငံ၏ အရေးပါသော “An institution of national importance” တစ်ခုလည်းဖြစ်သည်။ ပထမဆုံး ကျောင်းသားများကို ၂၀၁၄ ခုနှစ်တွင် စတင်သင်ကြား ခဲ့ပါသည်။

**🏛 သင်ကြားပေးသော ဌာနများနှင့် ဘာသာရပ်များ**

လက်ရှိတွင် ဌာန (၆) ခု ဖွင့်လှစ်ထားရှိပြီး၊ ယင်းတို့မှာ အောက်ပါ programs များဖြစ်ပါသည်။ ရဟန်း၊ လူပုဂ္ဂိုလ်များ၊ ဘာသာမရွေး အားလုံး လျှောက်ထားနိုင်ပါသည်။

**📚 ဖွင့်လှစ်ထားသော ပရိုဂရမ်များ (Programs)**

**၁။ မဟာဘွဲ့ (MA / MSc / MBA) သင်တန်းများ (၂ နှစ်)**

1. Historical Studies (သမိုင်းလေ့လာရေး)

2. Ecology & Environment Studies (ဂေဟဗေဒနှင့် ပတ်ဝန်းကျင်လေ့လာရေး)
3. Buddhist Studies, Philosophy & Comparative Religions (ဗုဒ္ဓဘာသာလေ့လာရေး၊ ဒဿနိကဗေဒနှင့် ဘာသာတရားနှိုင်းယှဉ်လေ့လာရေး)
4. Hindu Studies (ဟိန္ဒူဘာသာလေ့လာရေး)
5. Philosophy (ဒဿနိကဗေဒ)
6. Sustainable Development & Management - MBA (တည်တံ့ခိုင်မြဲသော ဖွံ့ဖြိုးရေးနှင့် စီမံခန့်ခွဲမှု)
7. World Literature (ကမ္ဘာ့စာပေ)
8. International Relations & Peace Studies (နိုင်ငံတကာဆက်ဆံရေးနှင့် ငြိမ်းချမ်းရေးလေ့လာရေး)
9. Archaeology (ရှေးဟောင်းသုတေသန)
10. Mathematics (သင်္ချာ)
11. Economics (စီးပွားရေး)
12. Hindi (ဟိန္ဒီ Language)

**၂။ ပါရဂူဘွဲ့ (Ph.D. - ၄ နှစ်)**

1. Ph.D. in Buddhist Studies, Philosophy & Comparative Religions
2. Ph.D. in Hindu Studies
3. Ph.D. in World Literature
4. Ph.D. in Ecology & Environment Studies
5. Ph.D. in Sustainable Development & Management
6. Ph.D. in Historical Studies

7. Ph.D. in Archaeology
8. Ph.D. in International Relations & Peace Studies

**၃။ ကာလတိုသင်တန်းများ (Short Term Courses)**

1. ဘာသာစကား၊ ယောဂ၊ ဒဿနိကဗေဒ စသည့် အရည်အချင်းလက်မှတ် (Certificate of Proficiency)
2. ဒီပလိုမာသင်တန်းများ (အွန်လိုင်း/အော့ဖ်လိုင်း)
3. ကပ္ပဆူးသင်တန်းများ (Capsule Courses) (နွေဦး ၂၀၂၆)

**🧘 ဗုဒ္ဓဘာသာလေ့လာရေး (Buddhist Studies) အစီအစဉ် အသေးစိတ်**

မြန်မာရဟန်းတော်အများစုတက်ရောက်နေသော Buddhist Studies (M.A.) program ၏ ဖွဲ့စည်းပုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

**Semester 1 (ပထမသင်တန်းကာလ):**

1. ဘာသာရပ် (၅) ခု: Core courses (၄) ခု + Elective course (၁)ခု
2. Elective language options: Pāli, Sanskrit, Tibetan (ဤဘာသာစကား (Language)ရွေးချယ်မှုသည် ပြီးဆုံးသည့်အထိ ပြောင်းလဲ၍မရပါ)

**Semester 2 (ဒုတိယသင်တန်းကာလ):**

1. ဘာသာရပ် (၅) ခု: Core courses (၃)ခု + Elective courses (၂)ခု
2. အပိုသင်ယူနိုင်သည့်အခွင့်အလမ်းများ: Extra credit course, Audit class

**Semester 3 (တတိယသင်တန်းကာလ):**

1. ဘာသာရပ် (၅) ခု: Core courses (၂)ခု + Elective courses (၃)ခု

**Semester 4 (စတုတ္ထသင်တန်းကာလ):**

2. Main Course (၁) ခု + Elective course (၁) ခု တက်ရောက်ခြင်းနဲ့အတူ Dissertation သုတေသန စာတမ်း တစ်စောင် ရေးသားရပါမည်။

### 🕐 ပညာသင်နှစ် အချိန်ဇယား (မဟာဘွဲ့)

3. Fall Semester (ဆောင်းဦးသင်တန်း): ဩဂုတ်လ (ပထမပတ်) မှ ဒီဇင်ဘာလ (တတိယပတ်) အထိ
4. Spring Semester (နွေဦးသင်တန်း): ဇန်နဝါရီလ (ပထမပတ်) မှ မေလ (တတိယပတ်) အထိ
5. စာသင်ကာလတစ်ခု: အနည်းဆုံး ရက်သတ္တပတ် ၁၆ ပတ် (စာသင်ခန်းတွင်း သင်ကြားမှု၊ Presentation၊ Assignment နှင့် စာမေးပွဲများ ပါဝင်)

### 📝 ဝင်ခွင့်လျှောက်ထားခြင်း &⏰ လျှောက်ထားရမည့်ကာလ

1. ပုံမှန်လျှောက်လွှာ: ဇန်နဝါရီလ (၁၅) ရက်မှ ဇွန်လ (၁၅) ရက်အတွင်း
2. ICCR ပညာသင်ဆုအတွက်: ဖေဖော်ဝါရီလမှ ဇွန်လ/ဇူလိုင်လအတွင်း (နှစ်စဉ် ပြောင်းလဲနိုင်သည်)

### ✅ လိုအပ်သော အရည်အချင်းများ (Eligibility)

**PhD အဆင့် ဝင်ခွင့် အရည်အချင်း:**

1. Master's ဘွဲ့(အနည်းဆုံး 65% အဆင့် သို့မဟုတ် GPA တူညီမှု) - Dissertation ပါဝင်ခြင်း ဦးစားပေး သို့မဟုတ် M.Phil. ဘွဲ့(65% သို့မဟုတ် GPA တူညီမှု)
2. Self-Introduction Letter တစ်စောင်
3. Recommendation/Reference Letter နှစ်စောင်
4. Statement of Purpose (SoP)
5. အသေးစိတ် Research Proposal (Turnitin မှ Plagiarism Report 10% ထက် မကျော်ရ)
6. ရှိပြီးသား သုတေသနအထောက်အထား (စာပေ၊ ပုံနှိပ်ထုတ်ဝေထားသည့် စာတမ်း ၂-၃ စောင်)
7. အင်္ဂလိပ်စွမ်းဆောင်ရည်အထောက်အထား (TOEFL, IELTS စသည်)

**Master's အဆင့် ဝင်ခွင့် အရည်အချင်း**

1. အနည်းဆုံး ၃ နှစ်ကြာ Bachelor's ဘွဲ့(10+2+3)

**သာသနဓဇဓမ္မာစရိယဘွဲ့ရပုဂ္ဂိုလ်များအတွက်:**

1. (၁၀)တန်း (သို့) ပထမလတ်တန်း အောင်လက်မှတ်
2. (၁၂)တန်း (သို့) ပထမကြီးတန်း အောင်လက်မှတ်
3. B.A ဘွဲ့လက်မှတ် သို့မဟုတ် သာသနဓဇ ဓမ္မာစရိယဘွဲ့လက်မှတ် (သို့) ညီမျှသော ဘွဲ့လက်မှတ်
4. အနည်းဆုံး 55% သို့မဟုတ် GPA 2.2/4.0

*Humanities/Sciences/Engineering/Management/Law စသဖြင့် မည်သည့် stream မှ မဆို လျှောက်ထားနိုင်သည်။ (အများဆုံး Program ၂ မျိုးသာ လျှောက်ထားနိုင်သည်)*

**လျှောက်ထားရန် လိုအပ်ချက်များ:**

1. Self-Introduction/Bio-Note (250 စာလုံး မကျော်ရ)

2. Statement of Purpose (SoP):

· နာလန္ဒာတက္ကသိုလ်ကို လေ့လာချင်သည့် အကြောင်း (100 စာလုံး)

· အစီအစဉ်ကို ရွေးချယ်သည့် အကြောင်း (300–500 စာလုံး)

3. အင်္ဂလိပ် စွမ်းဆောင်ရည် အထောက်အထား (TOEFL/IELTS) - အင်္ဂလိပ်ဘာသာဖြင့် အပြည့်အဝ သင်ကြားထားသည့် ဘွဲ့ရှိသူများ မလိုအပ်ပါ

**MBA in Sustainable Development and Management အတွက်:**

1. နိုင်ငံတကာကျောင်းသားများ - Undergraduate GPA 2.8/4.0 သို့မဟုတ် GMAT score တင်သွင်းရမည်။

**လိုအပ်သော စာရွက်စာတမ်းများ**

2. ဆိုင်ရာ အောင်လက်မှတ်များ၏ မူရင်းနှင့် အင်္ဂလိပ်ဘာသာပြန် မိတ္တူ
3. အမှတ်စာရင်း မိတ္တူ
4. နိုင်ငံကူးလက်မှတ် (Passport) မိတ္တူ
5. မှတ်ပုံတင် (NRC) မိတ္တူ

6. ရဲစခန်းထောက်ခံစာ (Police Clearance) ၏ အင်္ဂလိပ်ဘာသာပြန်

## 🌐 လျှောက်ထားနည်း

1. ဝဘ်ဆိုဒ်သို့သွားပါ: www.nalandauniv.edu.in

2. 'Apply Now' ကိုနှိပ်ပါ

3. အကောင့်ဖွင့်ပြီး လိုအပ်သော အချက်အလက်များ ဖြည့်သွင်းပါ

4. စာရွက်စာတမ်းများ တင်ပြပါ

5. လျှောက်လွှာကြေး ($8) ပေးသွင်းပါ

6. အင်တာဗျူး ဆန်ကာတင်ရွေးချယ်ခံရပါက အွန်လိုင်းမှတစ်ဆင့် လူတွေ့ (သို့) ဗီဒီယိုခေါ်ဆိုမှုဖြင့် အင်တာဗျူး ဖြေဆိုရပါမည်

7. Post-Interview Essay: အင်တာဗျူးဖြေဆိုပြီးနောက် တက္ကသိုလ်ကချပေးသော Topicကို အခြေခံ၍ စာလုံး (၃၀၀) ခန့် Essay တစ်ပုဒ်ရေးပေးရပါသည်။

## 💰 ကုန်ကျစရိတ်များ (ခန့်မှန်း)

**၁။ အပြည်ပြည်ဆိုင်ရာ မဟာဘွဲ့ (၂ နှစ်) (4semester ) နှင့် အမျိုးအစား ကုန်ကျငွေ (USD) မှတ်ချက်**

- ပညာရေးကြေး (Tuition, Admission, Security) $2,066 ၄ ဆမ်စတာစာ
- အဆောင်ခ (AC Single Room) $1,700 (4.semester)

- အဆောင်ခ (AC Twin Sharing) $1,388 ( 4.semester)
- စားစရိတ် (Meal Charges) ~$1,000 (4. semester) (ခန့်မှန်း)
- စုစုပေါင်း (Single) ~$4,750 - $4,800
- စုစုပေါင်း (Twin Sharing) ~$4,450 - $4,500

## ၂။ အပြည်ပြည်ဆိုင်ရာ ပါရဂူဘွဲ့ (၄ နှစ် )

- (8. semester)
- အမျိုးအစား ကုန်ကျငွေ (USD) မှတ်ချက်
- ပညာရေးကြေး (Admission, Tuition, Thesis) $5,649 (8) semester
- အဆောင်ခ (AC Single Room) $3,840 (8.semester)
- စားစရိတ် (Meal Charges) ~$2,150 (8.semester)(ခန့်မှန်း)
- စုစုပေါင်း ~$11,600 - $11,700

*မှတ်ချက်: ပညာသင်ဆု ရရှိပါက အထက်ပါ ကုန်ကျစရိတ်အများစု လျှော့ချခံစားခွင့် ရရှိနိုင်ပါသည်။*

## 🎓 ပညာသင်ဆု (Scholarships) အခွင့်အလမ်းများ

ဤတက္ကသိုလ်၌ ပညာသင်ဆုများစွာ လျှောက်ထားနိုင်ပါသည်။ မြန်မာကျောင်းသားများလျှောက်ကြတဲ့ ပညာသင်ဆုများကတော့:

1. ASEAN Scholarship (အာဆီယံ ပညာသင်ဆု)

2. BIMSTEC Scholarship (ဘင်းမ်စတက် ပညာသင်ဆု)

3. ICCR Scholarship (အိန္ဒိယအစိုးရ ပညာသင်ဆု)

### 🌟 ASEAN ပညာသင်ဆု ခံစားခွင့်များ

· လေယာဉ်လက်မှတ် (အသွား/အပြန်): အများဆုံး $1,200 ထောက်ပံ့

· သင်တန်းကြေး၊ ဝင်ခွင့်ကြေး ကင်းလွတ်ခွင့်

· အဆောင်ခ: Semester တစ်ခုလျှင် $425 ထောက်ပံ့

· လစဉ်ထောက်ပံ့ကြေး: $300 (ကျောင်းရောက်သည့်နေ့မှစ)

*ကျောင်းသားက ကိုယ်တိုင်ပေးသွင်းရမည့် အသေးစားကြေးများ: အာမခံကြေး၊ စားသောက်ခ၊ အထွေထွေကုန်ကျစရိတ် စသည်များ။*

### ⭐ တက္ကသိုလ်၏ ထူးခြားချက်များ

1. Net-Zero Campus: ကာဗွန်ထုတ်လွှတ်မှုမရှိသော သဘာဝပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်သည့် ကျောင်းဝန်း
2. Global Community: နိုင်ငံပေါင်း ၃၀ ကျော်မှ ကျောင်းသားများနှင့် အတူတကွ ပညာသင်ယူနိုင်ခြင်း
3. ခေတ်မီအဆောက်အအုံများ: စာကြည့်တိုက်၊ Wi-Fi၊ စမတ်စာသင်ခန်း၊ အားကစားခန်းမ၊ ဆေးခန်း၊ ဈေးဝယ်စင်တာ
4. ပြည့်စုံသော အဆောင်စနစ်
5. Gender Inclusivity:


## 📋 ဘွဲ့ရပြီး အခွင့်အလမ်းများ (Post-Graduate Opportunities)

ဘွဲ့၏ တရားဝင်မှု: Nalanda University သည် ဗဟိုတက္ကသိုလ် (Central University) အမျိုးအစားဖြစ်ပြီး ပြည်ထဲရေးဝန်ကြီးဌာန၏ အုပ်ချုပ်မှုအောက်တွင်ရှိသောကြောင့် ပေးအပ်သည့် ဘွဲ့များသည် နိုင်ငံတကာတွင် အဆင့်မီ အသိအမှတ်ပြုခံထားရသော ဘွဲ့များ ဖြစ်ပါသည်။ အနာဂတ်အခွင့်အလမ်းများ: ဤတက္ကသိုလ်မှ ဘွဲ့များ ရရှိပြီးနောက် ပြည်တွင်း/ပြည်ပ သင်ကြားရေးဆိုင်ရာ ရာထူးများ၊ နိုင်ငံတကာတက္ကသိုလ်များတွင် Ph.D. စသည့် အဆင့်မြင့် သုတေသနပညာရပ်များ၊ ဗုဒ္ဓသုတေသနဆိုင်ရာလုပ်ငန်းများကို ဆက်လက်လုပ်ကိုင်ရန် အခွင့်အလမ်း များရှိပါသည်။

အသေးစိတ်အချက်အလက်များကို အောက်ပါ လိပ်စာတွင် လေ့လာနိုင်သလို၊ MSAS ၏ YouTube စာမျက်နှာတွင်လည်း လေ့လာနိုင်ပါသည်။

**Website:** [https://nalandauniv.edu.in/](https://nalandauniv.edu.in/)

**YouTube Video:** Lalanda University (NU)




**၄။ Fo Guang University (FGU)**

Fo Guang University - FGU သည် ထိုင်ဝမ်နိုင်ငံ၊ Yilan ခရိုင်ရှိ တောင်ကုန်းပေါ်တွင် တည်ရှိသော ထူးခြားသည့် ပုဂ္ဂလိကတက္ကသိုလ်တစ်ခု ဖြစ်ပါသည်။

## ၁။ နောက်ခံသမိုင်းနှင့် ထူးခြားချက်များ

- **တည်ထောင်သူ:** တရုတ် မဟာယာန ဗုဒ္ဓဘာသာဂိုဏ်းဖြစ်သည့် **Fo Guang Shan** ၏ တည်ထောင်သူ ဘုန်းတော်ကြီး **Venerable Master Hsing Yun** က တည်ထောင်ခဲ့ပါသည်။

- **Fo Guang Shan:** ကမ္ဘာအနှံ့ **Fo Guang Shan ကျောင်း** ၃၉၆ ကျောင်း တည်ထောင်ထား ပါသည်။
- **FGU စတင်ဖွင့်လှစ်ချိန်:** ၂၀၀၀ ပြည့်နှစ်တွင် စတင်ဖွင့်လှစ်ခဲ့ပါသည်။
- **တည်နေရာနှင့် ပတ်ဝန်းကျင်:** ထိုင်ဝမ်နိုင်ငံ၊ ယီလန်ခရိုင် (Yilan County)၊ ကျောက်ရှိမြို့နယ် (Jiaoxi Township)၊ လင်မေကျေးရွာရှိ တောင်ကုန်းပေါ်တွင် တည်ရှိပြီး လန်ယန်လွင်ပြင် (Lanyang Plain) နှင့် လိပ်ကျွန်း (Turtle Island) တို့၏ လှပသော ရှုခင်းများကို ကြည့်ရှုနိုင်ပါသည်။
- **ဗိသုကာလက်ရာ:** တရုတ်ရှေးဟောင်း စာသင်ကျောင်းဗိသုကာပုံစံ (classical Chinese learning academies) ဖြင့် ဆောက်လုပ်ထားသောကြောင့် ထိုင်ဝမ်၏ အလှဆုံးတက္ကသိုလ်များထဲမှ တစ်ခုအဖြစ် သတ်မှတ်ခံရလေ့ရှိပါသည်။
- **ဆောင်ပုဒ်:** "義正道慈" (Yi Zheng Dao Ci) - **ဖြောင့်မတ်ခြင်း၊ မှန်ကန်ခြင်း၊ လမ်းစဉ်၊ နှင့် ကရုဏာ/ကြင်နာမှု** တို့ဖြစ်သည်။

**ထူးခြားပညာရေးစနစ်:**

- **အတန်းငယ်သင်ကြားရေးစနစ် (small-class teaching system)** ကို ကျင့်သုံးပါသည်။ ဆရာနှင့်ကျောင်းသား အချိုးအစားကောင်းမွန်သောကြောင့် သင်ကြားမှုပတ်ဝန်းကျင် ကောင်းမွန်စေရန် မြှင့်တင်ပေးပါသည်။

- ခေတ်မီသောအဓိပ္ပါယ်ပါဝင်သည့် **ရိုးရာ စာပေသင်ကြားရေးကျောင်းပုံစံ (traditional residential college in a modern mode) ဖြင့်** ဆောက်လုပ်ထားသောကြောင့် ထိုင်ဝမ်၏ အလှဆုံးတက္ကသိုလ်များထဲမှ တစ်ခုအဖြစ် သတ်မှတ်ခံရလေ့ရှိသည်။ (ထိုင်ဝမ်တွင် ပထမဆုံး)

## ၂။ သင်ကြားရေးဌာနများနှင့် ဘာသာရပ်များ

FGU ၌ ကောလိပ် (၆) ခု ဖွဲ့စည်းထားပြီး ပညာရပ်နယ်ပယ်မျိုးစုံကို သင်ကြားပို့ချပေးလျက်ရှိပါသည်။

**ကောလိပ်များ (Colleges):**

၁။ **လူမှုဘာသာရေးနှင့် လူမှုရေးသိပ္ပံကောလိပ်** (College of Arts and Humanities)

၂။ **လူမှုရေးသိပ္ပံနှင့် စီမံခန့်ခွဲမှုကောလိပ်** (College of Social Sciences and Management)

၃။ **တီထွင်ဖန်တီးမှုနှင့် နည်းပညာကောလိပ်** (College of Creativity and Technology)

၄။ **လောဟတ် (LOHAS) နှင့် စက်မှုလုပ်ငန်းကောလိပ်** (College of LOHAS and Industries)

၅။ **ဗုဒ္ဓဘာသာပညာရပ်ကောလိပ်** (College of Buddhist Studies)

၆။ **ကျန်းမာရေးနှင့် စီမံခန့်ခွဲမှုကောလိပ်** (College of Health, LOHAS and Management)

**ထင်ရှားသော ဌာနအချို့**

- ဗုဒ္ဓဘာသာပညာရပ်ဌာန (Department of Buddhist Studies)
- သမိုင်းဌာန (Department of History)
- တရုတ်စာပေနှင့် အသုံးချမှုဌာန (Department of Chinese Literature and Application)
- ကျန်းမာရေးနှင့် တီထွင်ဖန်တီးမှု သက်သတ်လွတ်အစားအစာလုပ်ငန်းဌာန (Department of Health and Creative Vegetarian Science)

## ၃။ နိုင်ငံတကာအခွင့်အလမ်းများနှင့် ပူးပေါင်းဆောင်ရွက်မှု

- **FGU တက္ကသိုလ်ကွန်ရက်:** FGUတက္ကသိုလ်သည် ကမ္ဘာတစ်ဝန်းရှိ အခြားသော FGUနှင့် ဆက်စပ် တက္ကသိုလ် (၄) ခုနှင့်အတူ ပညာရေးအရင်းအမြစ်များ မျှဝေသုံးစွဲပြီး ပညာရပ်ဆိုင်ရာ ဖလှယ်မှုများ ပြုလုပ်ပါသည်။
    - Nanhua University (Taiwan)
    - University of the West (USA)
    - Nan Tian (Australia)
    - Guang Ming (Philippines)
- **နိုင်ငံတကာ ဖလှယ်ရေး အစီအစဉ်:** ကျောင်းသား/သူများအား ကမ္ဘာတစ်ဝန်းရှိ တက္ကသိုလ် (၁၀၀) ကျော်နှင့် ချိတ်ဆက်ကာ အနည်းဆုံး တစ်ကြိမ် **ရေတို သို့မဟုတ် တစ်ပညာသင်ကာလကျော် နိုင်ငံခြားတွင် စေတနာ့ဝန်ထမ်းလုပ်ခြင်း၊ စာသင်ကြားခြင်း၊ သို့မဟုတ် လေ့လာဖလှယ်ခြင်း** အခွင့်အလမ်းများ ရရှိစေရန် အားပေးပါသည်။

- **ဘာသာစကား:** နိုင်ငံတကာကျောင်းသားများအတွက် **တရုတ်ဘာသာစကား သင်ကြားရေးစင်တာ** ( Chinese Language Instruction Center) ကို ဖွင့်လှစ်ထားပါသည်။

## ၄။ ကျောင်းစရိတ်နှင့် အထောက်အပံ့များ

- **ကျူရှင်ခ နှုန်းထား:** ပုဂ္ဂလိကတက္ကသိုလ်ဖြစ်သော်လည်း **အစိုးရပိုင်တက္ကသိုလ်များ၏ ကျူရှင်ခနှုန်းထား** ဖြင့်သာ ကောက်ခံပါသည်။
- **ပညာသင်ဆုများ:** ထူးချွန်သော ကျောင်းသားများနှင့် ဗုဒ္ဓဘာသာပညာရပ်ဆိုင်ရာ ကျောင်းသားများအတွက် ပညာသင်ဆုများ ချီးမြှင့်ပေးပါသည်။
- **အဆောင်နေထိုင်ခွင့်:** နိုင်ငံခြားသားကျောင်းသားအသစ်များအတွက် **လေးနှစ်တာ အဆောင်နေထိုင်ခွင့်ကို အာမခံ** ပေးထားပါသည်။

အသေးစိတ်အချက်အလက်များကို အောက်ပါ လိပ်စာတွင် လေ့လာနိုင်သလို၊ MSAS ၏ YouTube စာမျက်နှာတွင်လည်း လေ့လာနိုင်ပါသည်။

**Website:** **https://website.fgu.edu.tw/?locale=en**

**YouTube Video:** **Fo Guang University (FGU)**




**၅။ Harvard University**

ယခု တက္ကသိုလ်အတွက် မိတ်ဆက်စာ မရှိပါ၊

အသေးစိတ်အချက်အလက်များကို အောက်ပါ လိပ်စာတွင် လေ့လာနိုင်သလို၊ MSAS ၏ YouTube စာမျက်နှာတွင်လည်း လေ့လာနိုင်ပါသည်။

**Website:** [https://www.harvard.edu/](https://www.harvard.edu/)

**YouTube Video:** Harvard တက္ကသိုလ် ပညာသင်ဆု နှင့် ဝင်ခွင့်အကြောင်း




**၆။ HKU**

ဟောင်ကောင်တက္ကသိုလ် (The University of Hong Kong - HKU) သည် ၁၉၁၀-၁၁ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သော ဟောင်ကောင်၏ သက်တမ်းအရှေ့ဆုံးနှင့် အထင်ကရအဖြစ်ဆုံး အဆင့်မြင့်ပညာရေးတက္ကသိုလ်ကြီး ဖြစ်ပါသည်။

ကမ္ဘာ့အဆင့်သတ်မှတ်ချက်များအရလည်း ထိပ်တန်းစာရင်းဝင်ဖြစ်ပြီး **QS World University Rankings (2026)** အရ ကမ္ဘာ့အဆင့် ၁၁ နေရာတွင် ရပ်တည်လျက်ရှိကာ အာရှတွင် နံပတ် ၁ ဖြစ်ပါသည်။ နိုင်ငံတကာအဆင့်မီ သုတေသနလုပ်ငန်းများနှင့် သင်ကြားရေးစံနှုန်းများကြောင့် ကမ္ဘာတစ်ဝန်းမှ ပညာရှင်များ စုဝေးရာ အချက်အချာကျသော နေရာတစ်ခုလည်း ဖြစ်သည်။

ဟောင်ကောင်တက္ကသိုလ်၏ ဗုဒ္ဓစာပေလေ့လာရေးဌာန (Centre of Buddhist Studies - CBS) သည်....

**၂၀၀၂ ခုနှစ် တွင် စတင်တည်ထောင်ပြီး** ဟောင်ကောင်တက္ကသိုလ်၏ ဝိဇ္ဇာဌာန (Faculty of Arts) အောက်တွင် ဗုဒ္ဓဘာသာဆိုင်ရာ အသိပညာရပ်များကို ပညာရပ်ဆိုင်ရာ (Academic) ရှုထောင့်မှ စနစ်တကျ လေ့လာနိုင်ရန် စတင်ဖွင့်လှစ်ခဲ့ပါသည်။

**ရည်ရွယ်ချက်မှာ** ဗုဒ္ဓဘာသာကို ဘာသာရေးသက်သက်ထက် ပိုလွန်သော ဒဿနဗေဒ၊ သမိုင်းကြောင်း၊ ယဉ်ကျေးမှုနှင့် စိတ်ပညာဆိုင်ရာ ရှုထောင့်ပေါင်းစုံမှ သုတေသနပြုရန်နှင့် အရှေ့အနောက် ယဉ်ကျေးမှု ဖလှယ်ရာ ဗဟိုချက်ဖြစ်စေရန် ဖြစ်ပါသည်။

စတင်တည်ထောင်စဉ်က ဘွဲ့လွန်သင်တန်း (Master of Buddhist Studies) ကိုသာ အဓိကထားခဲ့သော်လည်း နောက်ပိုင်းတွင် သုတေသနအခြေပြု ပါရဂူဘွဲ့ (PhD) နှင့် အခြားသောသင်တန်းများအထိ တိုးချဲ့လာခဲ့ပါသည်။

ပါဠိ၊ သက္ကတ၊ တရုတ် နှင့် တိဗက် စသည့် အဓိက ဘာသာစကားကြီး လေးမျိုးလုံးဖြင့် တည်ရှိနေသော ဗုဒ္ဓကျမ်းစာများကို နှိုင်းယှဉ်လေ့လာနိုင်သည့် ထူးခြားသော ဝန်းကျင်တစ်ခုကို ဖန်တီးပေးနိုင်ခဲ့ခြင်းသည် ဤဌာန၏ အခြေခံ အားသာချက်တစ်ခု ဖြစ်ပါသည်။

ဤဌာနသည် လွန်ခဲ့သော ဆယ်စုနှစ် နှစ်ခုအတွင်း သိသာစွာ တိုးတက်လာခဲ့ပြီး ယခုအခါတွင် အာရှဒေသ၏ ဗုဒ္ဓစာပေလေ့လာရေးနယ်ပယ်၌ ဦးဆောင်နေသော ဌာနတစ်ခုအဖြစ် ခိုင်မာစွာ ရပ်တည်နေပြီဖြစ်ပါသည်။

ဟောင်ကောင်တက္ကသိုလ်၊ ဗုဒ္ဓစာပေလေ့လာရေးဌာန (Centre of Buddhist Studies) တွင် တက်ရောက်သင်ယူနိုင်သော အဓိက ပညာရေးအစီအစဉ်များ (Academic Programs) မှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

**၁။ ဘွဲ့လွန်သင်တန်းများ (Postgraduate Programs)**

ဤဌာန၏ အဓိကကျသော သင်တန်းများဖြစ်ပြီး ကမ္ဘာတစ်ဝန်းမှ ကျောင်းသားများ စိတ်ဝင်တစား တက်ရောက်ကြသည်။

- **Master of Buddhist Studies (MBS):** ဤသင်တန်းသည် ဗုဒ္ဓဘာသာ၏ သမိုင်း၊ ဒဿန၊ ကျင့်စဉ်နှင့် အနုပညာရပ်များကို ဘာသာရပ်ပေါင်းစုံ ရှုထောင့်မှ လေ့လာနိုင်ရန် ဒီဇိုင်းဆွဲထားခြင်း ဖြစ်သည်။ ဗုဒ္ဓဘာသာနှင့် စိတ်ပညာ၊ ဗုဒ္ဓဘာသာနှင့် စာရိတ္တဗေဒ (Ethics)၊ စသည့် ခေတ်သစ်လူမှုသိပ္ပံဆိုင်ရာ ဘာသာရပ်များကိုလည်း ရွေးချယ်သင်ယူနိုင်ပါသည်။
- **Master of Buddhist Counselling (MBC)**: ဤဘွဲ့လွန်သင်တန်းသည် ဗုဒ္ဓဘာသာ၏ ကျင့်စဉ်နှင့် အတွေးအခေါ်များကို ခေတ်သစ်စိတ်ပညာဆိုင်ရာ အကြံပေးဆွေးနွေးမှု (Counselling) နည်းပညာများနှင့် စနစ်တကျ ပေါင်းစပ်ထားသော ပညာရပ်နယ်ပယ်တစ်ခု ဖြစ်ပါသည်။ ၎င်း၏ အဓိက ရည်ရွယ်ချက်မှာ လူမှုပတ်ဝန်းကျင်တွင် ကြုံတွေ့နေရသော စိတ်ဖိစီးမှုများနှင့် စိတ်ပိုင်းဆိုင်ရာ အခက်အခဲများကို ဗုဒ္ဓဘာသာ၏ သတိ (Mindfulness) နှင့် မေတ္တာ (Compassion) အခြေခံသည့် နည်းလမ်းများ အသုံးပြု၍ နှစ်သိမ့်ဆွေးနွေး အဖြေရှာပေးနိုင်ရန် ဖြစ်ပါသည်။ သင်ရိုးညွှန်းတမ်းတွင် စာတွေ့ဒဿနများသာမက

လက်တွေ့နယ်ပယ်၌ ထိရောက်စွာ အသုံးချနိုင်သော ဆွေးနွေးမှုအတတ်ပညာ (Counselling Skills) များကိုပါ ထည့်သွင်းလေ့ကျင့်ပေးပါသည်။

- **Research Postgraduate Programs (MPhil & PhD):** သုတေသနကို အလေးပေးလိုသူများအတွက် ပါရဂူဘွဲ့ (PhD) နှင့် သုတေသနအခြေပြု မဟာဘွဲ့ (MPhil) သင်တန်းများ ရှိပါသည်။ ကျောင်းသားများသည် မိမိတို့ စိတ်ဝင်စားရာ ဗုဒ္ဓစာပေနယ်ပယ်တစ်ခုကို အထူးပြု၍ ပညာရှင်ကြီးများ၏ လမ်းညွှန်မှုဖြင့် မူရင်းကျမ်းစာများကို သုတေသနပြုနိုင်ပါသည်။

**၂။ ဘာသာစကားသင်တန်းများ (Language Courses)**

ဗုဒ္ဓကျမ်းစာများကို မူရင်းအတိုင်း ဖတ်ရှုလေ့လာနိုင်ရန်အတွက် အောက်ပါဘာသာစကားများကို အခြေခံမှစ၍ အဆင့်မြင့်အထိ သင်ကြားပေးပါသည် -

- **ပါဠိဘာသာ (Pali)**
- **သက္ကတဘာသာ (Sanskrit)**
- **တိဗက်ဘာသာ (Tibetan)**
- **ရှေးဟောင်းတရုတ်ဘာသာ (Classical Chinese)**

**၃။ အခြားသော ပညာရေးအခွင့်အလမ်းများ**

- **Undergraduate Courses:** ဘွဲ့ကြိုသင်တန်းတက်ရောက်နေသူများအတွက် "Common Core" ဘာသာရပ်များအဖြစ် ဗုဒ္ဓဘာသာနှင့် သက်ဆိုင်သော အသိပညာရပ်များကို ရွေးချယ်သင်ယူနိုင်ရန် စီစဉ်ပေးထားပါသည်။

- **Continuing Education:** ဘွဲ့ယူရန်မဟုတ်ဘဲ ဗုဒ္ဓဘာသာအသိပညာကို ဗဟုသုတအဖြစ် လေ့လာလိုသူများအတွက်လည်း တစ်နှစ်တာ အသိအမှတ်ပြု လက်မှတ်ရသင်တန်း (Certificate/Diploma) များ ရှိတတ်ပါသည်။
- **Workshops & Public Lectures:** ဌာနမှ အခါအားလျော်စွာ ကျင်းပလေ့ရှိသော အလုပ်ရုံဆွေးနွေးပွဲများနှင့် နိုင်ငံတကာပညာရှင်များ၏ ဟောပြောပွဲများသည်လည်း ပညာသင်ယူလိုသူများအတွက် အဖိုးတန်သော အခွင့်အလမ်းများ ဖြစ်ပါသည်။

ဤအစီအစဉ်များသည် ဗုဒ္ဓစာပေကို ခေတ်သစ်ပညာရပ်ဆိုင်ရာ စံနှုန်းများဖြင့် ပေါင်းစပ်သင်ယူလိုသူများအတွက် အလွန်ကောင်းမွန်သော အခွင့်အလမ်းများ ဖြစ်ပါသည်။

**Master of Buddhist Studies (MBS)** ဝင်ခွင့်လိုအပ်ချက်များနှင့် အခြားအသေးစိတ်အချက်များ

**၁။ ဝင်ခွင့်လိုအပ်ချက်များ (Admission Requirements)**

MBS သင်တန်းသို့ လျှောက်ထားလိုသူများသည် အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရပါမည် -

- **ဘွဲ့လက်မှတ်:** အသိအမှတ်ပြု တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ဒီဂရီ (Bachelor's Degree) တစ်ခုခု ရရှိထားသူ ဖြစ်ရပါမည်။ မည်သည့်ဘာသာရပ်ဖြင့် ဘွဲ့ရထားသူမဆို လျှောက်ထားနိုင်ပါသည်။

- **အင်္ဂလိပ်စာ အရည်အချင်း (English Proficiency):** အကယ်၍ လျှောက်ထားသူသည် အင်္ဂလိပ်ဘာသာစကားဖြင့် သင်ကြားသော တက္ကသိုလ်မှ ဘွဲ့ရရှိထားခြင်း မဟုတ်ပါက အောက်ပါ အင်္ဂလိပ်စာ စစ်ဆေးမှုရလဒ်တစ်ခုခု တင်ပြရပါမည် -
- **IELTS:** Overall band **6** (ဘာသာရပ်ခွဲတစ်ခုချင်းစီတွင် အနည်းဆုံး **5.5** ရှိရမည်)။
- **TOEFL (iBT):** စုစုပေါင်းရမှတ် **80** နှင့်အထက်။
- *(မှတ်ချက်: ၂၀၂၆ ဝင်ခွင့်အတွက် IELTS/TOEFL ရလဒ်သည် ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၁ ရက် နောက်ပိုင်း စစ်ဆေးထားခြင်း ဖြစ်ရပါမည်)*
- **အခြားလိုအပ်ချက်များ:** အွန်လိုင်းလျှောက်လွှာတင်ပြီးနောက် ထောက်ခံစာ (Referee Reports) ပေးပို့နိုင်မည့် ပညာရေး သို့မဟုတ် လုပ်ငန်းခွင်မှ ပုဂ္ဂိုလ် (၂) ဦး၏ အမည်နှင့် အချက်အလက်များ လိုအပ်ပါသည်။

## ၂။ လျှောက်ထားရမည့် နောက်ဆုံးရက်များ (Application Deadlines)

လျှောက်လွှာများကို နှစ်စဉ် နိုဝင်ဘာလ အတွင်း လက်ခံလေ့ရှိပြီး အသုတ်လိုက် (Rounds) ခွဲ၍ လက်ခံလေ့ရှိသည်။ နောက်ဆုံးထားလျှောက်ထားရမည့် ကာလများသည် ပထမအသုတ်အတွက် ဒီဇင်ဘာ လအလယ်ပိုင်းဖြစ်လေ့ရှိပြီး ဒုတိယအသုတ်အတွက် ဖေဖော်ဝါရီ လကုန်ပိုင်းဖြစ်လေ့ရှိသည်။ တစ်နှစ်နှင့် တစ်နှစ် မတူညီပါ။

**အရေးကြီးမှတ်ချက်:** လျှောက်လွှာများကို Rolling Basis (ဦးသူစနစ်) ဖြင့် စစ်ဆေးလေ့ရှိသောကြောင့် သတ်မှတ်ရက်ထက် စောစီးစွာ လျှောက်ထားခြင်းက ပိုမိုအခွင့်အလမ်း ရှိစေပါသည်။

## ၃။ သင်တန်းကြေး

2026-27 ပညာသင်နှစ်အတွက် MBS သင်တန်းကြေးမှာ

Full-time: HK$175,200 (Pay in 2 equal installments)

Part-time: HK$175,200 (Pay in 4 equal installments)

တို့ဖြစ်ကြသည်။

ခန့်မှန်းခြေ အမေရိကန်ဒေါ်လာ **$22,460** ခန့်ဖြစ်သည်။

ပညာသင်ဆုများလည်း လျှောက်ထားနိုင်သည်။ ယင်းအကြောင်းကို နောက်ပိုင်းတွင် သီးသန့်ဖော်ပြပေးပါမည်။

**Master of Buddhist Counselling (MBC)** ဝင်ခွင့်လိုအပ်ချက်များနှင့် အခြားအသေးစိတ်အချက်များ

## ၁။ ဝင်ခွင့်လိုအပ်ချက်များ (Admission Requirements)

MBC သင်တန်းသည် လက်တွေ့အသုံးချပညာရပ် ဖြစ်သောကြောင့် MBS သင်တန်းထက် လိုအပ်ချက် အနည်းငယ် ပိုမိုနိုင်ပါသည်။

- **ဘွဲ့လက်မှတ်:** အသိအမှတ်ပြု တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ဒီဂရီ (Bachelor’s Degree) တစ်ခုခု ရရှိထားသူ ဖြစ်ရပါမည်။

- လျှောက်ထားသူသည် အောက်ပါဘာသာရပ်များကို အောင်မြင်စွာ တက်ရောက်ထားပြီးသူ ဖြစ်ရပါမည် -ဟောင်ကောင်တက္ကသိုလ် (HKU) ၏ MBS သင်တန်းမှ **Early Buddhism (BSTC6079)** နှင့် **Mahayana Buddhism (BSTC6002)** ဘာသာရပ်များကို အောင်မြင်ထားသူ ဖြစ်ရပါမည်။ သို့မဟုတ်ပါက အခြားသော အဆင့်မြင့်ပညာရေးအဖွဲ့အစည်းတစ်ခုခုမှ အလားတူ ဗုဒ္ဓစာပေဘာသာရပ်များကို သင်ယူပြီးမြောက်ထားသူဖြစ်ပြီး HKU က လက်ခံနိုင်သော အဆင့်ရှိသူ ဖြစ်ရပါမည်။
- ဗုဒ္ဓစာပေအခြေခံမရှိသော ရွေးချယ်ခံကျောင်းသားများအတွက် ကာလတို သင်တန်းများ စီမံပေးထားပြီး အရည်အချင်းစစ် စာမေးပွဲ အောင်မြင်ပါကလည်း တက်ရောက်နိုင်ပါသည်။
- **အင်္ဂလိပ်စာ အရည်အချင်း (English Proficiency):** အင်္ဂလိပ်ဘာသာစကားဖြင့် သင်ကြားသော တက္ကသိုလ်မှ ဘွဲ့ရရှိထားသူမဟုတ်ပါက အောက်ပါရမှတ်များ လိုအပ်ပါသည် -
- **IELTS:** Overall band **6** (ဘာသာရပ်ခွဲတစ်ခုချင်းစီတွင် အနည်းဆုံး **5.5** ရှိရမည်)။
- **TOEFL (iBT):** စုစုပေါင်းရမှတ် **80** နှင့်အထက်။
- **အင်တာဗျူး (Interview):** လျှောက်ထားသူများအနက် အရည်အချင်းကိုက်ညီသူများကို လူတွေ့စစ်ဆေးခြင်း သို့မဟုတ် အင်တာဗျူး ဖြေဆိုရန် ဖိတ်ခေါ်ခြင်း ခံရနိုင်ပါသည်။
- **ထောက်ခံစာ:** ပညာရေး သို့မဟုတ် လုပ်ငန်းခွင်မှ ထောက်ခံပေးနိုင်မည့်သူ (၂) ဦး၏ အမည်နှင့် အချက်အလက်များ လိုအပ်ပါသည်။

## ၂။ လျှောက်ထားရမည့် နောက်ဆုံးရက်များ (Application Deadlines)

လျှောက်လွှာများကို နှစ်စဉ် နိုဝင်ဘာလ အတွင်း လက်ခံလေ့ရှိပြီး အသုတ်လိုက် (Rounds) ခွဲ၍ လက်ခံလေ့ရှိသည်။ နောက်ဆုံးထားလျှောက်ထားရမည့် ကာလများသည်

ပထမအသုတ်အတွက် ဒီဇင်ဘာ လအလယ်ပိုင်းဖြစ်လေ့ရှိပြီး ဒုတိယအသုတ်အတွက် ဖေဖော်ဝါရီ လကုန်ပိုင်းဖြစ်လေ့ရှိသည်။ တစ်နှစ်နှင့် တစ်နှစ် မတူညီပါ။

**အရေးကြီးမှတ်ချက်:** MBC သင်တန်းသည် Counselling ကျွမ်းကျင်မှုများကို လက်တွေ့လေ့ကျင့်ပေးရခြင်းကြောင့် ကျောင်းသားအရေအတွက် ကန့်သတ်ထားလေ့ရှိပါသည်။ ထို့ကြောင့် စောစီးစွာ လျှောက်ထားခြင်းသည် ဝင်ခွင့်ရရှိရန် ပိုမိုအခွင့်အလမ်းများစေပါသည်။

**၃။ သင်တန်းကြေး (Tuition Fee)**

၂၀၂၆-၂၀၂၇ ပညာသင်နှစ်အတွက် သတ်မှတ်ထားသော သင်တန်းကြေးမှာ MBS ထက် အနည်းငယ် မြင့်မားပါသည်။

- Full-time: HK$181,280 (Pay in 2 equal installments) Part-time: HK$181,280 (Pay in 4 equal installments)

ခန့်မှန်းခြေ အမေရိကန်ဒေါ်လာ **$23,120** ခန့်ဖြစ်သည်။

**ပညာသင်ဆုများ**

**MBS** နှင့် **MBC** သင်တန်း တက်ရောက်မည့် ကျောင်းသားများအတွက် ရရှိနိုင်သော ပညာသင်ဆု (Scholarships) များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။ အဓိကအားဖြင့် သံဃာတော်များ/သီလရှင်များ (Monastics) နှင့် လူပုဂ္ဂိုလ်များ (Laypersons) အတွက် ခွဲခြားသတ်မှတ်ထားပါသည်။

အောက်ပါအဖွဲ့အစည်းများက ပညာသင်ဆုထောက်ပံ့ပေးကြပါသည်။

Glorious Sun Group Postgraduate Scholarships in Buddhist Studies Target Applicants: Monastic students of MBS, MBC, and RPG programmes

MaMa Charitable Foundation Postgraduate Scholarship in Buddhist Counselling Target Applicants: MBC students

Lu Lanhua Charitable Foundation Postgraduate Scholarship in Buddhist Counselling Target Applicants: Monastic MBC students

The D. H. Chen Foundation Postgraduate Scholarship in Buddhist Counselling Target Applicants: MBC students

Faculty of Arts Scholarship for Local Students Target Applicants: local MBS and MBC students

Hong Kong Buddhist Association Postgraduate Scholarships in Buddhist Studies Target Applicants: MBS and MBC students who are teaching Buddhism in schools run by the Hong Kong Buddhist Association or administrators in the secretariat and subsidiary organisations of the Hong Kong Buddhist Association.

## အရေးကြီးသော မှတ်ချက်များနှင့် ရွေးချယ်မှုစံနှုန်းများ

- **လျှောက်ထားမှုအစဉ်:** ပညာသင်ဆု လျှောက်ထားခြင်းမပြုမီ တက္ကသိုလ်သို့ သင်တန်းဝင်ခွင့်အတွက် **Online Application**ကို အရင်ဆုံး ပြီးမြောက်အောင် ဆောင်ရွက်ထားရပါမည်။
- **ရွေးချယ်မှုစံနှုန်း:** ပညာသင်ဆု အရေအတွက်နှင့် ပမာဏကို ရွေးချယ်ရေးကော်မတီမှ နှစ်စဉ်သတ်မှတ်လေ့ရှိပြီး အောက်ပါအချက်များအပေါ် မူတည်၍ ရွေးချယ်ပါသည် -

1. ပညာအရည်အချင်း ထူးချွန်မှု (Academic Merit)

2. ငွေကြေးထောက်ပံ့မှု လိုအပ်ချက် (Financial Need)

3. လူတွေ့အင်တာဗျူး ဖြေဆိုနိုင်မှု (Interview Performance)

ဤပညာသင်ဆုများသည် သက်ဆိုင်ရာ အတန်းများကို ပညာသင်နှစ် တစ်ခုအတွင်း အဟန့်အတားမရှိ ဆက်လက်လေ့လာနိုင်ရန် အလွန်ကောင်းမွန်သော အထောက်အပံ့များ ဖြစ်ပါသည်။ ကျောင်းစားရိတ်နှင့် နေစားရိတ် အားလုံးကို ပြည့်စုံအောင် ထောက်ပံ့ပေးပါသည်။

**လျှောက်ထားရမည့် နောက်ဆုံးရက်များ (Application Deadlines)**

ပညာသင်ဆု လျှောက်ထားရာတွင် သတ်မှတ်ရက် ကျော်လွန်ပါက ထည့်သွင်းစဉ်းစားမည် မဟုတ်သောကြောင့် အောက်ပါရက်များကို အထူးသတိပြုရန် လိုအပ်ပါသည်။

- **သံဃာတော်/သီလရှင်များ (Monastic Applicants): ဒီဇင်ဘာလ နောက်ဆုံးရက်**
- **လူပုဂ္ဂိုလ်များ (Lay Applicants): ဖေဖော်ဝါရီလ နောက်ဆုံးရက်**

သတ်မှတ်ရက်များသည် နှစ်အလိုက် အပြောင်းအလဲ ရှိနိုင်ပါသည်။

အသေးစိတ်အချက်အလက်များကို အောက်ပါ လိပ်စာတွင် လေ့လာနိုင်သလို၊ MSAS ၏ YouTube စာမျက်နှာတွင်လည်း လေ့လာနိုင်ပါသည်။

**Website:** **https://www.buddhism.hku.hk/**

**YouTube Video:** **HKU မိတ်ဆက်**




**၇။ IBSC (International Buddhist Studies College), MCU, Thailand**

IBSC သည် ထိုင်းနိုင်ငံ၊ အယုဒ္ဓယမြို့ရှိ မဟာချူလာလောင်ကွန်းတက္ကသိုလ်၏ နိုင်ငံတကာဗုဒ္ဓဘာသာလေ့လာရေးကောလိပ် ဖြစ်ပါသည်။ ကမ္ဘာတစ်ဝှမ်းရှိ ရဟန်းသံဃာတော်များနှင့် လူပုဂ္ဂိုလ်များကို ဗုဒ္ဓဓမ္မနှင့် ခေတ်သစ်ပညာရေး ပေါင်းစပ်သင်ကြားပေးရန် ရည်ရွယ်ပြီး အင်္ဂလိပ်ဘာသာစကားဖြင့် သင်ကြားသော နိုင်ငံတကာအဆင့်မီ ဌာနတစ်ခု ဖြစ်ပါသည်။

**၁။ သမိုင်းနောက်ခံနှင့် တည်ထောင်သည့်နှစ်**

မဟာချုလာလောင်ကွန်းတက္ကသိုလ်ကို ၁၈၈၇ ခုနှစ်တွင် ပဥ္စမမြောက် ထိုင်းဘုရင်ချုလာလောင်ကွန်း (Rama V) က စတင်တည်ထောင်ခဲ့သော်လည်း၊ နိုင်ငံတကာကျောင်းသားများအတွက် သီးသန့်ဖြစ်သော IBSC ဌာနကို ၂၀၁၄ ခုနှစ် ဝန်းကျင်တွင် ပိုမိုစနစ်တကျ တိုးချဲ့ဖွဲ့စည်းခဲ့ပါသည်။ ဤဌာနသည် ထိုင်းနိုင်ငံကို ကမ္ဘာ့ဗုဒ္ဓဘာသာပညာရေးဗဟိုချက်ဖြစ်လာစေရန် ရည်ရွယ်သည့် ပရောဂျက်၏ အစိတ်အပိုင်းတစ်ခု ဖြစ်ခဲ့ပြီ ဗုဒ္ဓတက္ကသိုလ်များ၏ အဆင့်သတ်မှတ်ချက် ၂၀၂၃ ခုနှစ်တွင် အဆင့် ၂ အထိ ရောက်စေခဲ့ပါသည်။ ယနေ့၂၀၂၅ မှာတော့ အဆင့် ၆ နေရာတွင် တည်ရှိလျက်ရှိပါသည်။

## ၂။ တက်ရောက်နိုင်သော ဘွဲ့ဒီဂရီများနှင့် ပညာရေးဌာနများ

IBSC တွင် အဓိကအားဖြင့် အောက်ပါ အတန်းများကို တက်ရောက်နိုင်ပါသည်။ ပရိုဂရမ်အားလုံး ၈ ခုရှိပါသည်။

1. **B.A. (Buddhist Studies):** ဗုဒ္ဓဘာသာအခြေခံနှင့် ဒဿနိကဗေဒ ဘွဲ့သင်တန်း။
2. **M.A. (Buddhist Studies):** ဗုဒ္ဓဘာသာဆိုင်ရာ မဟာဘွဲ့သင်တန်း။
3. **M.A. (Mindfulness innovative and Peace Studies):** သတိပဋ္ဌာန်နှင့် ငြိမ်းချမ်းရေး တရားဘာဝနာဆိုင်ရာ အထူးပြု မဟာဘွဲ့သင်တန်း။
4. **M.A. (Religion and Philosophy)** ဘာသာရေးနှင့် ဒဿန
5. **M.A (Chinese Program)** တရုပ်ဘာသာနှင့် ဗုဒ္ဓဘာသာအခြေခံနှင့် ဒဿနိကဗေဒ ဘွဲ့သင်တန်း။
6. **Ph.D. (Buddhist Studies):** ဗုဒ္ဓဘာသာဆိုင်ရာ ပါရဂူဘွဲ့သင်တန်း။

7. **Ph.D. (Mindfulness Innovative and Peace Studies)** သတိပဋ္ဌာန်နှင့် ငြိမ်းချမ်းရေး တရားဘာဝနာဆိုင်ရာ အထူးပြု ပါရဂူ ဘွဲ့သင်တန်း။
8. **Ceritificate Program (Mindfulness Master)**

## ၃။ ကျောင်းတက်ရမည့် နှစ်ကာလနှင့် ပုံစံ

| **ဘွဲ့အမျိုးအစား** | **သင်တန်းကာလ** | **အတန်းချိန် ပုံစံ** |
|---|---|---|
| **B.A. (ဘွဲ့သင်တန်း)** | ၄ နှစ် | တနင်္လာ - ဗုဒ္ဓဟူး (၃ ရက်) |
| **M.A. (မဟာဘွဲ့)** | ၂ နှစ် | တနင်္လာ- အင်္ဂါ (၂ ရက်) |
| **Ph.D. (ပါရဂူဘွဲ့)** | ၃ နှစ် မှ ၅ နှစ်အထိ | သောကြာ- စနေ (၂ ရက်) |
| **Ceritficates** | ၆ လ | စနေ-တနင်္ဂနွေ (၂ ရက်) |

•**စာသင်နှစ်:** တစ်နှစ်လျှင် Semester ၂ ခု ခွဲထားပါသည်။ (Semester 1: ဇွန်လ - စက်တင်ဘာ၊ Semester 2: နိုဝင်ဘာ - ဖေဖော်ဝါရီ) ။

## ၄။ ကျောင်းကြေးနှင့် အခြားကုန်ကျစရိတ်များ

ခန့်မှန်းခြေ ကုန်ကျစရိတ်များဖြစ်ပြီး နှစ်အလိုက် အပြောင်းအလဲ ရှိနိုင်ပါသည်။

- **B.A. သင်တန်း:** တစ်နှစ်လျှင် ခန့်မှန်းခြေ **၁၄၀၀၀-၂၀၀၀၀ ဘတ်** ဝန်းကျင်။

- **M.A. သင်တန်း:** သင်တန်းတစ်ခုလုံးစာအတွက် ခန့်မှန်းခြေ **၁၀၀၀၀၀-၁၅၀၀၀၀ ဘတ်** ဝန်းကျင်။
- **Ph.D. သင်တန်း:** သင်တန်းတစ်ခုလုံးစာအတွက် ခန့်မှန်းခြေ **၃၀၀,၀၀၀ - ၃၅၀,၀၀၀ ဘတ်** ဝန်းကျင်။
- **အခြားကုန်ကျစရိတ်:**
- ဗီဇာသက်တမ်းတိုးကြေး (တစ်နှစ်လျှင် ၁,၉၀၀ ဘတ်)။
- နေထိုင်စရိတ် (ကျောင်းအဆောင် သို့မဟုတ် အပြင်ဆောင်ပေါ်မူတည်၍ ၃,၀၀၀ မှ ၆,၀၀၀ ဘတ်/လ)။
- စားစရိတ်နှင့် စာအုပ်စာတမ်းစရိတ်။

**မှတ်ချက်:** IBSC တွင် အရည်အချင်းပြည့်မီသော ရဟန်းသံဃာတော်များနှင့် လူပုဂ္ဂိုလ်များအတွက် Scholarship (ပညာသင်ဆု) လျှောက်ထားနိုင်ခွင့်များ မကြာခဏ ရှိတတ်ပါသည်။ သို့သော်လည်း ဌာန ဒါရိုက်တာ (သို့) တက္ကသိုလ်သို့ တိုက်ရိုက်လျှောက်ထားမှသာ အခွင့်အရေး ရရှိနိုင်ပါသည်။

## ၅။ IBSC ၏ ထူးခြားချက်များ

- **Multicultural Environment:** နိုင်ငံပေါင်းစုံမှ ကျောင်းသားများနှင့် ထိတွေ့ခွင့်ရခြင်း။
- **English Environment:** သင်ကြားမှုအားလုံး အင်္ဂလိပ်ဘာသာဖြင့် ဖြစ်သောကြောင့် ဘာသာစကားအရည်အချင်း တိုးတက်စေခြင်း။

- **Modern Facilities:** ခေတ်မီစာကြည့်တိုက်၊ Wi-Fi နှင့် သက်တောင့်သက်သာရှိသော စာသင်ခန်းများ။

ဗုဒ္ဓဘာသာကို ပညာရပ်ဆိုင်ရာ (Academic) ရှုထောင့်မှ ထဲထဲဝင်ဝင် လေ့လာချင်သူဖြစ်စေ၊ နိုင်ငံတကာ ပတ်ဝန်းကျင်တစ်ခုမှာ ပညာရှာချင်သူဖြစ်စေ IBSC သည် ရွေးချယ်သင့်သော နေရာတစ်ခု ဖြစ်ပါသည်။

အခြားသော အသေးစိပ် သတင်းအချက်အလက် သိရှိလိုပါက အောက်ပါ ဝက်ဆိုဒ်များတွင် ဝင်ရောက်လေ့လာ ကြည့်ရှုနိုင်ပါသည်။

www.ibsc.mcu.ac.th , www.mcu.ac.th

နှစ်ရာစုနီးပါး သက်တမ်းရှိပြီဖြစ်သော ဤတက္ကသိုလ်ကြီးတွင် ပညာရှာမှီးလိုသည့် မြန်မာကျောင်းသား ရဟန်းတော်များ၊ သီလရှင်ဆရာကြီး၊ ဆရာလေးများနှင့် လူငယ်များအတွက် အရေးကြီးဆုံး သိထားရမည့်အချက်မှာ **TQF (Thai Qualifications Framework for Higher Education)** ပင် ဖြစ်ပါသည်။

**ထူးခြားချက်များ -**

- **သင်ရိုးညွှန်းတမ်း ပြုပြင်ပြောင်းလဲမှု** - အရည်အသွေးအာမခံမှု (QA) အတွက် သင်ရိုးညွှန်းတမ်းတစ်ခုကို (၅) နှစ်လျှင် တစ်ကြိမ် ပုံမှန်ပြန်လည်ဆန်းစစ်လေ့ရှိပြီး နောက်ဆုံးအကြိမ် (Major Revision) ကို ၂၀၂၂ ခုနှစ် (B.E. 2565) တွင် ပြုလုပ်ခဲ့ပါသည်။

- **ခေတ်မီပညာရေးစနစ်-** ယခုသင်ရိုးတွင် **Digital Transformation** နှင့် **Modern Research Methodology** ပိုင်းကို အထူးအားဖြည့်ထားပြီး ပညာရေးမူဝါဒ 4.0 ကို အခြေခံထားပါသည်။

**သင်ယူသူများအတွက် မေးခွန်းထုတ်စရာများ -**

- ယခုသင်ရိုးသစ်မှာ မိမိတို့အတွက် ဘယ်လိုထိရောက်အောင် သင်ယူကြမလဲ
- ၂၀၂၇ ခုနှစ်တွင် ထပ်မံပြောင်းလဲမည့် သင်ရိုးအသစ်အတွက်ရော ဘာတွေ ပြင်ဆင်ထားရမလဲ

အသေးစိတ်အချက်အလက်များကို အောက်ပါ လိပ်စာတွင် လေ့လာနိုင်သလို၊ MSAS ၏ YouTube စာမျက်နှာတွင်လည်း လေ့လာနိုင်ပါသည်။

**Website: [https://ibsc.mcu.ac.th/](https://ibsc.mcu.ac.th/)**

**YouTube Video: IBSC (International Buddhist Studies College), MCU, Thailand**




**၈။ Mahidol University, Thailand**

**Mahidol University** သည် ထိုင်းနိုင်ငံ၏ ထိပ်တန်းတက္ကသိုလ်တစ်ခုဖြစ်ပြီး၊ အရှေ့တောင်အာရှတွင် ထင်ရှားသောတက္ကသိုလ်လည်းဖြစ်ပါသည်။ 1888 ခုနှစ်တွင် Siriraj Hospital ဖြင့်အစပြုတည်ထောင်ခဲ့ကာ 1969 တွင် H.R.H. Prince Mahidol of Songkla အမည်ဖြင့် အတည်ပြုပြောင်းလဲခဲ့သည်။

ယခုအခါ Health Science, Medicine, Engineering, Social Sciences, Arts, Management, Religious Studies စသည့် အထူးပြုဘာသာရပ်များဖြင့် အဆင့်မြင့်ပညာရပ်များ ပို့ချပေးလျှက်ရှိပါသည်။

MU သည် နိုင်ငံတကာအဆင့်မီပညာရေးနှင့် သုတေသနလုပ်ငန်းများတွင် ဦးဆောင်တက္ကသိုလ်တစ်ခုအဖြစ် ရပ်တည်နေပြီး Salaya Campus (Phutthamonthon, Nakhon Pathom), Bangkok နှင့် အခြားပြည်နယ် campus များလည်း ရှိပါသည်။

**College of Religious Studies (CRS), Mahidol University, Salaya**

College of Religious Studies (CRS) သည် Mahidol University ၏ ကောလိပ်တစ်ခုဖြစ်ပြီး Religious Studies ကို အထူးပြု၍ ထိုင်းနိုင်ငံသားများအတွက် Bachelors' Degree နှင့် နိုင်ငံတကာကျောင်းသားများအတွက် International (English-medium) postgraduate သင်တန်းများအဖြစ် Masters' နှင့် Ph.D Degree တို့ကို ပေးအပ်သင်ကြားပါသည်။

**International Postgraduate Programs**

CRS ၏ MA နှင့် Ph.D သင်တန်းများမှာ ဘာသာရေးကို ယုံကြည်မှုအတွက် သီးသန့်မဟုတ်ဘဲ ပညာရပ်အနေဖြင့် လေ့လာသင်ကြားစေသည့် သင်တန်းများဖြစ်ပါသည်။

**Master of Arts in Religious Studies (MA) –(International Program)**

သင်တန်း၏ ရည်ရွယ်ချက် (Objectives)

MA in Religious Studies သည်

ဘာသာရေးကို သမိုင်း၊ အတွေးအခေါ်၊ လူမှုရေး၊ ယဉ်ကျေးမှုအမြင်များဖြင့်

အကျယ်တဝင့် သုတေသနလုပ်နိုင်စေရန်

ဘာသာရေးအမျိုးမျိုးကို နှိုင်းယှဉ်လေ့လာနိုင်စေရန်

Academic Research, Policy, NGO, Education စသည့် နယ်ပယ်များတွင်

အသုံးချနိုင်သော ကျွမ်းကျင်မှုများရရှိစေရန် ရည်ရွယ်ပါသည်။

သင်ကြားမှုဘာသာ - English ဖြင့်သာ သင်ကြားပါသည်

ထိုင်းနိုင်ငံသားနှင့် နိုင်ငံတကာကျောင်းသားများ တက်ရောက်နိုင်ပါသည်

**သင်ကြားသော အဓိက ဘာသာရပ်များ** (Core Courses)

MA သင်တန်းတွင် အောက်ပါဘာသာရပ်အမျိုးအစားများကို သင်ကြားလေ့ရှိပါသည် —

Religious Studies ၏ အခြေခံသဘောတရားများ

History of Religions (ဘာသာရေးသမိုင်း)

Comparative Religion (ဘာသာရေးနှိုင်းယှဉ်လေ့လာမှု)

Philosophy of Religion (ဘာသာရေးအတွေးအခေါ်)

Religion and Society (ဘာသာရေးနှင့် လူမှုအဖွဲ့အစည်း)

Religious Ethics (ဘာသာရေးနှင့် ကျင့်ဝတ်)

Research Methodology (သုတေသနနည်းလမ်းများ)

Thesis / Research  ရေးသားခြင်း

*Coursework သင်တန်းပြီးဆုံးလျှင် Thesis (သုတေသနစာတမ်း) တစ်ခု ရေးသားပြုစုရပါမည်။

သင်တန်းကာလ - ပုံမှန်အားဖြင့် 2 နှစ်မှ 3 နှစ်ခန့်

**Doctor of Philosophy (Ph.D) in Religious Studies (International Program)**

သင်တန်း၏ ရည်ရွယ်ချက် (Objectives)

Ph.D in Religious Studies သည်

Religious Studies နယ်ပယ်တွင် အဆင့်မြင့် သုတေသနပညာရှင်များ မွေးထုတ်ရန်

ဘာသာရေးနှင့် ခေတ်သစ်လူမှုရေး၊ နိုင်ငံရေး၊ ယဉ်ကျေးမှုဆိုင်ရာ ပြဿနာများကို နက်နက်ရှိုင်းရှိုင်း သုတေသနပြုလုပ်နိုင်စေရန် — ရည်ရွယ်ထားသော research-oriented doctoral programme ဖြစ်ပါသည်။

**သင်ကြားမှုပုံစံ**

Coursework – 2 or 3 semesters (Credit System)

Dissertation (သုတေသနစာတမ်း) ပြုစုခြင်းက အဓိကဦးစားပေးဖြစ်ပါသည်။

Thesis main advisor တစ်ဦး၊ co-advisor နှစ်ဦး (သို့မဟုတ်) သုံးဦးဖြင့် အနီးကပ် ကြီးကြပ်၍ သုတေသနပြုလုပ်ရပါသည်။

အများအားဖြင့် ပြုလုပ်လေ့ရှိသောသုတေသနခေါင်းစဉ်များ (ဥပမာ)

Comparative Religious Studies

Buddhism and Society

Religion and Modernity / Globalization

Religion and Ethics

Religion, Politics, and Culture

Southeast Asian Religious Traditions

* Ph.D Thesis သည် သင်တန်းသားကိုယ်တိုင် လေ့လာရှာဖွေဖော်ထုတ်သော (original contribution) ရလဒ်အသစ်တစ်ခုကို တင်ပြပေးနိုင်ရပါမည်။

သင်တန်းကာလ - ပုံမှန်အားဖြင့် 3 နှစ်မှ 5 နှစ်အထိ

**ဝင်ခွင့်အရည်အချင်း (Admissions)**

MA အတွက် -

Bachelor’s Degree အောင်မြင်ပြီးသူ (မည်သည့်ဘာသာရပ်မဆို၊ Humanities / Social Sciences သက်ဆိုင်လျှင် ပိုအဆင်ပြေ)Transcript

Statement of Purpose (အဘယ်ကြောင့် Religious Studies လေ့လာလိုသည်)

Recommendation Letters

English Proficiency (IELTS / TOEFL သို့မဟုတ် MU စစ်ဆေးမှု)

**Ph.D အတွက် -**

Master’s Degree အောင်မြင်ပြီးသူ (သက်ဆိုင်ရာနယ်ပယ်)

Research Proposal (သုတေသနအစီအစဉ်)

Academic Writing Ability

Recommendation Letters

English Proficiency

Academic Publication ရှိပါက အားသာချက်ဖြစ်ပါသည်။

**သင်တန်းကြေး (အကြမ်းဖျင်း)**

MA International Program – တစ်နှစ်လျှင် ~140,000 THB ခန့်

Ph.D Program – Coursework သင်တန်းနှင့် သုတေသနကာလပေါ်မူတည်ပြီး ကွာခြားနိုင်ပါသည်။

*နှစ်စဉ်ပြောင်းလဲနိုင်သဖြင့် Official Announcement ကို အရင်စစ်ဆေးရန် လိုအပ်ပါသည်။

**ဘွဲ့ရပြီးနောက် အလုပ်အကိုင်ရရှိနိုင်သော နယ်ပယ်များ**

Lecturer / Researcher

Religious & Cultural Researcher

NGO / INGO (inter-religious dialogue, peace, ethics)


Policy & Cultural Analyst

Academic Writer / Consultant

အသေးစိတ်အချက်အလက်များကို အောက်ပါ လိပ်စာတွင် လေ့လာနိုင်သလို၊ MSAS ၏ YouTube စာမျက်နှာတွင်လည်း လေ့လာနိုင်ပါသည်။

**Website:** **https://mahidol.ac.th/**

**YouTube Video:** **Mahidol University, Thailand**




## ၉။ Assumption University

### ၁။ အေဘက်တက္ကသိုလ်၏ နောက်ခံသမိုင်းကြောင်းနှင့် ဂုဏ်သတင်း (Background and Reputation)

ထိုင်းနိုင်ငံရှိ **Assumption (ABAC/အေဘက်)** တက္ကသိုလ်သည် ထိုင်းနိုင်ငံအတွင်အစောဆုံး တည်ထောင်ခဲ့သော နိုင်ငံတကာပုဂ္ဂလိကတက္ကသိုလ် **(International Private University)** တစ်ခုဖြစ်သည်။ အေဘက်တက္ကသိုလ်ကို ***၁၉၆၉*** ခုနှစ်တွင် အာရှတစ်လွှားတွင် ပညာရေးလုပ်ငန်းများ၌ သမိုင်းအစဉ်အလာကြီးသည့် ကက်သလစ်သာသနာပြုအဖွဲ့ တခုဖြစ်သော **Brothers of St. Gabriel** မှတည်ထောင်ခဲ့သည့် **Assumption Business School (ABS)** မှအခြေတည်စတင်ခဲ့ခြင်းဖြစ်သည်။ ထိုမှတဆင့် ***၁၉၇၄*** ခုနှစ်တွင် **Assumption Business Administration College (ABAC)** အဖြစ် အဆင့်မြင့်တင်နိုင်ခဲ့သည်။ ကောလိပ်အဆင့်မှ တက္ကသိုလ် အဆင့်သို့ ***၁၉၉၀*** ခုတွင်တက်လှမ်း နိုင်ခဲ့ပြီး

**Assumption University (AU)** ဟု ယခုလက်ရှိ အမည်ကို ပြောင်းလဲခေါ်ဝေါ်ခဲ့ကြသည်။ ထူးခြားချက်မှာ စတင်တည်ထောင်ချိန်မှစ၍ သင်ကြားရေးတွင် အင်္ဂလိပ်ဘာသာစကား တခုထဲကိုသာ အဓိကအသုံးပြုရန် ဆုံးဖြတ်ခဲ့ခြင်းပင်ဖြစ်ပါသည်။ ဤအချက်သည် ထိုခေတ်က အခြားသော ထိုင်းနိုင်ငံရှိတက္ကသိုလ်အများစုနှင့် သိသိသာသာ ကွဲပြားခြားနားစေခဲ့သော အချက်လည်း ဖြစ်ခဲ့ပါသည်။

ကက်သလစ်ပညာရေး အဝန်းအဝိုင်းက တည်ထောင်ခဲ့သည် ဖြစ်၍ ခရစ်ယာန်တက္ကသိုလ်ဖြစ်သည်ဟု ထင်မှတ်ရသော်လည်း မည်သည့်ဘာသာတရားကိုမှ အဓိကထား၍ သင်ကြားသည်မဟုတ်ပါ။ **Professional Subjects** ဟုခေါ်ရသည့် အလုပ်အကိုင် အသက်မွေးဝမ်းကြောင်းဆိုင်ရာပညာရပ်များကို အထူးပြုသင်ကြားသည့် တက္ကသိုလ်ဖြစ်သည်။ ထို့ကြောင့် မည်သည့်ဘာသာဝင်မဆို တက်ရောက်နိုင်ပါသည်။ မတူကွဲပြားသည့် ဘာသာရေး နောက်ခံရှိကြသော မည်သူ့ကိုမဆို ကြိုဆိုလက်ခံလျှက်ရှိပါသည်။ တက္ကသိုလ်၏ဆောင်ပုဒ် **(Virtue/Moto)** မှာ **"Labor Omnia Vincit," work conquers all ဖြစ်ပါသည်။** ကိုယ်ကျင့်တရား၊ ခေါင်းဆောင်မှု၊ စည်းကမ်းနှင့် တာဝန်ယူတတ်မှုတို့ကို ပညာရေးနှင့် ကျောင်းသားဘဝ၏ အစိတ်အပိုင်းတစ်ခုအဖြစ် အလေးထားသင်ကြားရမည် ဖြစ်ကြောင်းလည်း တက္ကသိုလ်၏ **"Holistic Approach to Education"** အဖြစ်သတ်မှတ်ထားပါသည်။

ထို့ကြောင့် ဆယ်စုနှစ် ငါးခုကျော်အတွင်း **Assumption** တက္ကသိုလ်သည် ခိုင်မာသော ပညာရေးအဖွဲ့အစည်းဆိုင်ရာ ပုံရိပ်ကို ကောင်းမွန်စွာ တည်ဆောက်နိုင်ခဲ့ပါသည်။ အခြားသောဝိသေသတခုမှာ ထိုင်းနိုင်ငံအတွင်း၌ **Assumption** တက္ကသိုလ်ကို အင်္ဂလိပ်စာကျွမ်းကျင်မှု၊ နိုင်ငံတကာအတွေ့အကြုံနှင့် ပညာရပ်ဆိုင်ရာ စနစ်ကျသောလေ့ကျင့်မှုများကြောင့် အာရှတိုက်နှင့် နိုင်ငံတကာတွင် လူသိများသည့် တက္ကသိုလ်ဟု သိမှတ်ထားကြပါသည်။

**၂။ ကျောင်းဝင်းများနှင့် ပတ်ဝန်းကျင် (Campuses and Environment)**

**Assumption** တက္ကသိုလ်သည် ဘန်ကောက်မြို့တွင် အဓိက ကျောင်းဝင်းကြီး (၂) ခုကို ဖွင့်လှစ်ထားပါသည်။ တစ်ခုစီတွင် မတူညီသော ပညာရေးနှင့် စီမံခန့်ခွဲမှုဆိုင်ရာ ကိစ္စရပ်များကို ဆောင်ရွက်လျှက်ရှိပါသည်။

**Hua Mak Campus (ဟွာမတ်ကျောင်းဝင်း)**

ထိုကျောင်းဝင်းကြီးနှစ်ခုတို့မှ ပထမတစ်ခုသည် ဟွာမတ်ကျောင်းဝင်းဖြစ်ပါသည်။ ဟွာမတ်ကျောင်းဝင်းသည် ပို၍မြစ်နုနယ်မှုမရှိလှသော်လည်း အတန်အသင့်အဆင့်ရှိသော မသစ်လွန်းမညစ်လွန်းသော အဆောက်အအုံများ၊ အပန်းဖြေစရာရေကန်၊ သစ်ရိပ်ဝါးရိပ်များရှိ၍ သာယာသည့် ကျောင်းဝင်းတစ်ခုဖြစ်ပါသည်။ ကျောင်းဝင်းသည် ဘန်ကောက်မြို့လယ်နှင့် ပိုမိုနီးကပ်သည့် နေရာတွင်တည်ရှိပါသည်။ **Campus** ၏ ပတ်ဝန်းကျင်မှာ လူသူမထူထပ်လွန်းပဲ၊ သွားလာရန်လွယ်ကူသော နေရာများတွင်ပါဝင်သည်။ ဤ Campus တွင် **MA & Ph.D** ပရိုဂရမ်များကို အထူးပြု ဖွင့်လှစ်သင်ကြား လျှက်ရှိပါသည်။

**Suvarnabhumi Banna Campus (သုဝဏ္ဏဘူမိ ဘန်းနား ကျောင်းဝင်း)**

သုဝဏ္ဏဘူမိ ဘန်းနား ကျောင်းဝင်းသည် အသစ်ဖွင့်လှစ်ထားသော **(Main)** အဓိကကျောင်းဝင်းဖြစ်ပြီး အထူးသပ်ရပ်လှပ ခေတ်မှီလှသည့်နေရာဖြစ်ပါသည်။ သုဝဏ္ဏဘူမိအပြည်ပြည်ဆိုင်ရာ လေဆိပ်နှင့် မနီးမဝေးသောနေရာတွင် တည်ရှိပါသည်။ အေးချမ်းသည့် သဘာဝပတ်ဝန်းကျင်ဖြင့် ဝန်းရံထားသည်။ ကြီးမားသောစာသင်ခန်းမများ၊ အဆင့်မြင့်စာကြည့်တိုက်များ၊ ဓာတ်ခွဲခန်းများ၊ အားကစားကွင်းများ၊ ကျောင်းသားအဆောင်များနှင့် ကျယ်ပြန့်သော စိမ်းလန်းသည့် နေရာလပ်များ ပါဝင်သည်။ ကျောင်းသားအများအပြားသည် သုဝဏ္ဏဘူမိဘန်းနားကျောင်းဝင်းကို ပိုမိုနှစ်သက်ကြသည်။

**၃။ ပညာရေးပရိုဂရမ်များနှင့် တက်ရောက်နိုင်သော အတန်းများ (Academic Programs and Degree Levels)**

**Assumption** တက္ကသိုလ်တွင် ဘွဲ့ကြို **(BA)**၊ မဟာဘွဲ့ **(MA)** နှင့် ဒေါက်တာဘွဲ့ **(Ph.D.)** အတန်းများကို သင်ယူလေ့လာနိုင်ပါသည်။ အထူးသဖြင့် စီးပွားရေး **(Business)**၊ စီမံခန့်ခွဲမှု **(Management)**၊ ဆက်သွယ်ရေး **(Communication)**၊ ပညာရေး **(Education)**၊ အင်ဂျင်နီယာ **(Engineering)**၊ စိတ်ပညာ **(Counseling Psychology)**၊ နည်းပညာ **(Information Technology)** တို့မှာ လူသိများထင်ရှားပါသည်။ တက်ရောက်သူများပြား သည့် ဘာသာရပ်များလည်း ဖြစ်ကြပါသည်။

**ဘွဲ့ကြိုအဆင့် (Bachelor's Degree Programs)**

ဘွဲ့ကြိုပရိုဂရမ်များကို အခြေခံပညာရပ်ဆိုင်ရာ အသိပညာ ဗဟုသုတများနှင့်အတူ လက်တွေ့ အသုံးချ ကျွမ်းကျင်မှုစကေးများကို သင်ကြားပေးရန် ရေးဆွဲထားသည်ကို လေ့လာတွေ့ရှိနိုင်သည်။

တက်ရောက်နိုင်သော အတန်းများ-

စီးပွားရေးစီမံခန့်ခွဲမှု **(Business Administration)**

စီမံခန့်ခွဲမှု **(Management)**

ဈေးကွက်ရှာဖွေရေး **(Marketing)**

ဘဏ္ဍာရေးနှင့် ဘဏ်လုပ်ငန်း **(Finance and Banking)**

စီးပွားရေးပညာ **(Economics)**

ဆက်သွယ်ရေးအနုပညာ **(Communication Arts)**

ကွန်ပျူတာသိပ္ပံ **(Computer Science)**

သတင်းအချက်အလက်နည်းပညာ **(Information Technology)**

အင်ဂျင်နီယာ **(Engineering)**

ဗိသုကာ **(Architecture)**

ဇီဝနည်းပညာ **(Biotechnology)** တို့ ပါဝင်ကြသည်။

ပုံမှန်အားဖြင့် ဘွဲ့ကြိုကျောင်းသားများသည် သတ်မှတ်ထားသော အဓိကဘာသာရပ်များ၊ အထူးပြုဘာသာရပ်များနှင့် အထွေထွေဗဟုသုတဘာသာရပ်များ ပါဝင်သည့် စနစ်ကျသော သင်ရိုးညွှန်းတမ်းကို ပေါက်မြောက်အောင် ၄ နှစ်တာ တက်ရောက် သင်ယူကြရပါသည်။ ဤပရိုဂရမ်များသည် ကျောင်းသားများအား သက်ဆိုင်နယ်ပယ်အလိုက် အလုပ်အကိုင်ရရှိရန် (သို့မဟုတ်) ဘွဲ့လွန်ပညာ ဆက်လက်သင်ယူရန် အထူးအထောက်ပြုကြပါသည်။

**မဟာဘွဲ့အဆင့် (Master's Degree Programs)**

တက္ကသိုလ်ရှိ မဟာဘွဲ့ ပရိုဂရမ်များသည် **BA** ဘွဲ့တခုခုရပြီးထားသူများနှင့် လုပ်ငန်းခွင်ဝင်နေသူများအတွက် ရည်ရွယ်ပါသည်။ ဤပရိုဂရမ်များကို သီအိုရီ၊ လက်တွေ့အသုံးချမှုနှင့် သုတေသနဆိုင်ရာ နားလည်တတ်ကျွမ်းမှုတို့ကို ဟန်ချက်ညီစေရန် အထူးအလေးထား ရေးဆွဲထားသည်ကိုလည်း တွေ့ရပါသည်။

မဟာတန်းအတွက် အထူးထင်ရှားသော ပရိုဂရမ်များ

**MBA** နှင့် အခြားစီမံခန့်ခွဲမှုဆိုင်ရာ ဘွဲ့များ

စီးပွားရေးပညာ **(Business)**

ပညာရေး **(Education)**

နှစ်သိမ့်ဆွေးနွေးမှုစိတ်ပညာ **(Counseling Psychology)**

ဆက်သွယ်ရေး **(Communication)**

သတင်းအချက်အလက်နည်းပညာ **(Information Technology)**

မဟာဘွဲ့ပရိုဂရမ်အများစုတွင် သင်ခန်းစာများအပြင် သုတေသနစာတမ်း **(Thesis)**၊ သုတေသနပရောဂျက် **(Research project/Independent Studies (IS) ဟုလည်းခေါ်) Practicum** လက်တွေ့လုပ်ငန်းခွင်အတွေ့အကြုံများကို လေ့လာသင်ယူရခြင်းများ ပါဝင်သည်။

**ဒေါက်တာဘွဲ့အဆင့် (Doctoral Programs – PhD / EdD)**

**Assumption** တက္ကသိုလ်ရှိ ဒေါက်တာဘွဲ့ပညာရေးသည် **Taught+Research+Practicum Doctorate** ဖြစ်သည်။ သုတေသနနယ်ပယ်သို့ ဝင်ရောက်ခွင့်ရရန် အနည်းဆုံး **Course-works 7/9** ခုမှ **14/15** ခုခန့်အထိယူကြရသည်။ ထို့နောက် Qualifying Exam ဖြေဆိုကြရသည်။ အထက်ပါလိုအပ်ချက်တို့ကို ဖြည့်ဆည်းအောင်မြင်ပြီးသော ဒေါက်တာတန်းကျောင်းသားများသည် တဖက်တွင် လက်တွေ့အလုပ်သင်ကာလ (**Practicum Hours)** များကိုစုဆောင်းကြရပါသည်။ အခြားတဖက်တွင်လည်း သုတေသနလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ကြရပါသည်။ ဘွဲ့ရယူရန် ကျောင်းသားများကျော်ဖြတ်ရသည့် နောက်ဆုံးအဆင့်မှာ နိုင်ငံတကာအသိမှတ်ပြု သုတေသနဂျာနယ်တခုခုတွင် သုတေသနဆောင်းပါးများကို ရေးသားထုတ်ဝေ (**Publication)** ရပါသည်။

**တက်ရောက်နိုင်သော အတန်းများ-**

**PhD in Management:**

ဤဌာနတွင် အဖွဲ့အစည်းဆိုင်ရာ သီအိုရီ၊ ခေါင်းဆောင်မှု၊ မဟာဗျူဟာ၊ လူသားအရင်းအမြစ်၊ နိုင်ငံတကာ စီမံခန့်ခွဲမှုနှင့် စီးပွားရေးကျင့်ဝတ်တို့ကို အလေးထား သင်ကြားပေးသည်။ ဘွဲ့ရရှိသူများသည် ပညာရေး၊ သုတေသန၊ အကြံပေး (သို့မဟုတ်) အကြီးတန်းခေါင်းဆောင်မှု အခန်းကဏ္ဍများတွင် လုပ်ကိုင်ကြလေ့ရှိသည်။ ထိုင်းနိုင်ငံ၏ နိုင်ငံရေးလောကတွင် လူသိများသည့် ပြန်ကြားရေးဌာနမှ အကြီးတန်းအရာရှိအချို့သည် ဤကျောင်းထွက်များ ဖြစ်ကြသည်။

**PhD in Education:**

ဤဌာနတွင် ပညာရေးဆိုင်ရာသီအိုရီ၊ ခေါင်းဆောင်မှုအရည်အချင်း၊ မူဝါဒချမှတ်မှု၊ သင်ရိုးညွှန်းတမ်းပြုပြင်ခြင်း၊ ပညာရည်ဖွံ့ဖြိုး တိုးတက်ရေးနှင့် အဆင့်မြင့်ပညာရေး ကဏ္ဍများ၏ သုတေသနလုပ်ငန်းတို့ကို အလေးထား သင်ကြားပေးသည်။ အထူးသဖြင့် သင်ကြားစီမံတွင် အတွေ့အကြုံရှိ၍ ပညာရေးနယ်ပယ်အတွင်း ပြုပြင်ပြောင်းလဲမှုများကို ဖန်တီးလိုသော ပညာရှင်များအတွက် ရည်ရွယ်သော ဘာသာရပ်များကို သင်ကြားပေးသည်။ အထူးပြုသုတေသနလုပ်ငန်းများမှာ ပညာရေးဆိုင်ရာ ခေါင်းဆောင်မှု၊ စီမံခန့်ခွဲမှုနှင့် မူဝါဒအကောင်အထည်ဖော်မှုတို့တွင် တွေ့ကြုံရသော ပြဿနာများကို စူးစမ်းအဖြေရှာရခြင်းဖြစ်သည်။

**PhD in Counseling Psychology:**

ဤဌာနတွင် နှစ်သိမ့်ဆွေးနွေးမှုဆိုင်ရာ သီအိုရီ၊ စိတ်ပညာသုတေသန၊ ကိုယ်ကျင့်တရား ကျင့်ဝတ်နှင့် သူတပါးတို့အား အကူအညီပေးရာတွင် အရေးကြီးသော ပညာရပ်ဆိုင်ရာ ကျွမ်းကျင်မှုကို အလေးထားသင်ကြားပေးပါသည်။

**အခြားသော Ph.D. အတန်းများ-**

ဘာသာရေးနှင့် ဖီလော်ဆော်ဖီ **(Religion and Philosopy)**၊ ဘာသာစကားဆိုင်ရာ လေ့လာမှုများ **(Linguinstic)**၊ အင်္ဂလိပ်စာသင်ကြားရေး **(English Language Teaching)**၊ ဇီဝနည်းပညာ **(Biotechnology)** စသော ဒေါက်တာတန်းများကိုလည်း တက်ရောက်သင်ယူနိုင်ပါသည်။

## ၄။သင်တန်းကြေးနှင့် ပညာရေးကုန်ကျစရိတ် (ခန့်မှန်းချက်)

မြန်မာကျောင်းသားများအတွက် အထူးသဖြင့် မြန်မာရဟန်းတော်များအတွက် ကြီးမားသောစိန်ခေါ်မှုမှာ မြင့်မားလှသည့် တက္ကသိုလ်၏ ပညာသင်ကြားစရိတ် (**Tuition Fees**) ဖြစ်ပါလိမ့်မည်။ ပုဂ္ဂလိကတက္ကသိုလ် ဖြစ်သည့်အတွက် **Assumption** တက္ကသိုလ်၏ သင်တန်းကြေးမှာ ထိုင်းနိုင်ငံရှိ

အစိုးရတက္ကသိုလ်များထက် သိသိသာသာမြင့်မားနေပါသည်။ သို့သော် အထက်ပါ အသက်မွေးဝမ်းကျောင်းဆိုင်ရာဘာသာရပ်များ **(Professional Subjects)** များအတွက် အာရှတိုက်အတွင်းရှိ တက္ကသိုလ်ကြီးများ နှင့် အနောက်နိုင်ငံရှိ တက္ကသိုလ်အများစုထက်သော်ကား ဈေးနှုန်းသက်သာသည့်အခြေအနေတွင် ရှိပါသည်။

**ဘွဲ့ကြို (BA):** တစ်နှစ်ပတ်လျှင် ဘတ် **၈၀,၀၀၀ မှ ၁၅၀,၀၀၀** ခန့် (မေဂျာအလိုက်),

**မဟာဘွဲ့ (MA):** ပရိုဂရမ်တစ်ခုလုံးအတွက် ဘတ် **၅ သိန်းမှ ၈ သိန်း** ခန့်,

**ဒေါက်တာဘွဲ့ (Ph.D):** ပရိုဂရမ်တစ်ခုလုံးအတွက် **ဘတ် ၁/၁.၂ သန်း** ခန့်ကုန်ကျပါသည်။ (မှတ်ပုံတင်ကြေး, ကျန်းမာရေး အာမခံ, အင်တာနက်ကြေး စသည်များ အားလုံးပါဝင်ပြီးဖြစ်သည်)။

ပညာသင်ဆု (Scholarhip)

တက္ကသိုလ်မှ ချီးမြင့်သော ပညာသင်ဆုရှိသည်ကားဟု မသိရပါ။ သို့သော် ကျောင်းသားများအတွက် တက္ကသိုလ်မှ ပညာသင်ဆုပေးသည့် အဖွဲ့အစည်းများနှင့် ချိတ်ဆက်ပေးပါသည်။ တက္ကသိုလ်ဘက်မှ လိုအပ်သော စာရွက်စာတမ်းများနှင့် အခြားအကူအညီများ ဆောင်ရွက်ပေးလေ့ရှိသည်ဟုလည်း သိရပါသည်။ **Assumption** တက္ကသိုလ်တွင် တက်ရောက်လျှက်ရှိသော မြန်မာကျောင်းသား အများစုမှာ ကိုယ်ပိုင်ငွေကြေးဖြင့် ပညာသင်ကြားကြခြင်း **(Self-Funding)** ဖြစ်ပါသည်။ အချို့မှာ **Germany** နိုင်ငံမှ **KADD (https://www.kaad.de)** အဖွဲ့မှချီးမြင့်သော ပညာသင်ဆုများ ရရှိကြပါသည်။

## ၅။ အဆောင် နှင့် နေထိုင်မှု စားရိတ်

ဘန်ကောက်မြို့သည် နိုင်ငံတကာကျောင်းသားများအတွက် လူနေမှုစရိတ် အတော်အတန် သက်သာသော နေရာဖြစ်သည်။ သို့သော် မြန်မာကျောင်းသား အထူးသဖြင့် မြန်မာရဟန်းတော်များအတွက်ကား စိန်ခေါ်မှုတခုအဖြစ် တည်ရှိနေပါသည်။

**ပျမ်းမျှ တစ်လကုန်ကျစရိတ် -**

ခန့်မှန်း အဆောင်/အိမ်ခ - **၄,၀၀၀ မှ ၁၂,၀၀၀** ဘတ် (နေရာအလိုက်ကွဲပြားနိုင်ပါသည်။)

ခန့်မှန်း အစားအသောက် - **၃,၀၀၀ မှ ၈,၀၀၀** ဘတ် (မိမိ၏ စီမံခန့်ခွဲမှုအပေါ်မူတည်ပါသည်။)

ခန့်မှန်း သယ်ယူပို့ဆောင်ရေး - **၂,၀၀၀ မှ ၄,၀၀၀** ဘတ် (နေထိုင်ရာနေရာအလိုက်ကွဲပြားပါသည်။)

ခန့်မှန်း ကိုယ်ရေးကိုယ်တာကုန်ကျစရိတ် - **၃,၀၀၀ မှ ၅,၀၀၀** ဘတ် ဖြစ်ပါသည်။

မှတ်ချက်။ မိမိ၏ နေထိုင်မှုပုံစံပေါ်မူတည်၍ တစ်လလျှင် **၁၅,၀၀၀ မှ ၂၅,၀၀၀ ဘတ်** အတွင်း ကုန်ကျနိုင်ပါသည်။

**၆။ အဆောင် နှင့် နေရာစရာနေရာ**

တက္ကသိုလ်အဆောင်များ (သုဝဏ္ဏဘူမိကျောင်းဝင်း၌သာ တည်ရှိပါသည်။)

ကျောင်းအနီးရှိ ပုဂ္ဂလိကတိုက်ခန်း သို့မဟုတ် ကွန်ဒိုများ (ဟွာမက်ကျောင်းဝင်း နှင့် သုဝဏ္ဏဘူမိကျောင်းဝင်း ၂ နေရာလုံးတွင်ရှိပါသည်။)

**၇။ ဗီဇာနှင့် ဥပဒေရေးရာ လိုအပ်ချက်များ (နိုင်ငံတကာကျောင်းသားများ)**

နိုင်ငံတကာကျောင်းသားများအတွက် လိုအပ်ချက်-

ကျောင်းသားဗီဇာ (Non-Immigrant ED Visa)

ပုံမှန် ဗီဇာသက်တမ်းတိုးခြင်းနှင့် ရက် ၉၀ သတင်းပို့ခြင်း

TM30 ခေါ် ကျောင်း/အခန်းလိပ်စာ သတင်းပို့ရပါသည်။

တက္ကသိုလ်ဘက်မှ လိုအပ်သော စာရွက်စာတမ်းများကို အထူးအလေးထား ကူညီပေးလျက် ရှိပါသည်။

## ၈။ ဘွဲ့ရပြီး အလုပ်အကိုင် အနာဂတ်အတွက် အလားအလာ

**Assumption** တက္ကသိုလ်၏ ထင်ရှားသည့်ဂုဏ်သတင်း (reputation) တို့မှ တစ်ခုသောဂုဏ်သတင်းသည် ဘွဲ့ရပြီးနောက် အလုပ်ရဖို့သေချာသလောက်ရှိခြင်းဖြစ်ပါသည်။ တက္ကသိုလ်မှ ဘွဲ့ရသူအများစုသည် သက်ဆိုင်ရာ နယ်ပယ်များသို့ လက်တွေ့ကွင်းဆင်းကြရပါသည်။ ထိုကွင်းဆင်းရသည့်ကုမ္ပဏီများ, ကျောင်းများ, ဆေးရုံများတွင် အလုပ်ရရှိသွားလေ့ကြပါသည်။

**နိဂုံး...**

နိဂုံးချုပ်အနေဖြင့် ထိုင်းနိုင်ငံရှိ **Assumption** တက္ကသိုလ်သည် အသက်မွေးဝမ်းကျောင်းဆိုင်ရာဘာသာရပ်များ (Professional Subjects) ကို အထူးပြုသင်ကြားပေးသော နိုင်ငံတကာပုဂ္ဂလိကတက္ကသိုလ်တခုဖြစ်ပါသည်။ တက္ကသိုလ်ကြီးတွင် စနစ်ကျသည့် နိုင်ငံတကာအဆင့်မီ ပညာရပ်များကို ခေတ်နှင့်တပြေးညီ သင်ကြားပို့ချပေးလျှက်ရှိပါသည်။ တက္ကသိုလ်၏ အားသာချက်များမှာ အင်္ဂလိပ်ဘာသာတခုထဲဖြင့်သာ သင်ကြားပို့ချပေးခြင်းနှင့် ဘွဲ့ရပြီးနောက် အလုပ်အကိုင်ရရှိရန် အာမခံချက်ရှိခြင်းများ ဖြစ်ကြပါသည်။

အသေးစိတ်အချက်အလက်များကို အောက်ပါ လိပ်စာတွင် လေ့လာနိုင်သလို၊ MSAS ၏ YouTube စာမျက်နှာတွင်လည်း လေ့လာနိုင်ပါသည်။

**Website:** [https://www.au.edu/](https://www.au.edu/)

**YouTube Video:** Assumption University, Thailand




## ၁၀။ Banaras Hindu University

**Banaras Hindu University (BHU)** သည် အိန္ဒိယနိုင်ငံ၊ ဥတ္တရာပရာဒေ့ရှ် ပြည်နယ်၊ ဗာရာဏသီမြို့ ဣသိပတန မိဂဒါဝုန်အနီး ဂင်္ဂါမြစ်ကမ်းနားတွင် တည်ရှိသော (Central University) တစ်ခု ဖြစ်ပါသည်။ ၁၉၁၆ ခုနှစ်တွင် ပန်ဒစ် မိုဟန် မာလာဗီယာက တည်ထောင်ခဲ့သည်။

- **အာရှ၏ အကြီးဆုံးတက္ကသိုလ်များအနက်** ကျောင်းသား/သူ ထောင်ပေါင်းများစွာ ကျောင်းဝင်းအတွင်း နေထိုင်ပညာသင်ကြားနိုင်သော အာရှတိုက်၏ အကြီးဆုံး (Residential University) များထဲတွင် တစ်ခုအပါအဝင်လည်း ဖြစ်ပါသည်။ ပင်မကျောင်းဝင်းမှာ မြေဧက ၁၃၀၀ ကျော် ကျယ်ဝန်းပြီး တောအုပ်ပမာ သစ်ပင်များဖြင့် စိမ်းလန်းစိုပြည်ပါသည်။

- **အဆင့်သတ်မှတ်ချက်။** အိန္ဒိယနိုင်ငံ၏ အကောင်းဆုံး တက္ကသိုလ်များစာရင်းတွင် အမြဲလိုလို ထိပ်တန်း ၁၀ ကျောင်းစာရင်းဝင်လေ့ရှိသော တက္ကသိုလ်ဖြစ်ပါသည်။ **ပညာရေးဆိုင်ရာ ကဏ္ဍ။** ဝိဇ္ဇာ၊ သိပ္ပံ၊ အင်ဂျင်နီယာ၊ ဆေးပညာ၊ စိုက်ပျိုးရေး၊ ဥပဒေ၊ သက္ကတဘာသာရပ်နှင့် ဗုဒ္ဓဘာသာ လေ့လာရေး စသည့် ဘာသာရပ်ပေါင်းစုံကို ဌာနခွဲ (Faculties) ပေါင်းများစွာဖြင့် သင်ကြားပေးလျက်ရှိပါသည်။

- **တက်ရောက်နိုင်သော ပညာရေးအဆင့်များ**
  - BA, BSc, BCom, BFA စသည့် ၃ နှစ် သို့မဟုတ် ၄ နှစ် ဘွဲ့ကြိုသင်တန်းများ။
  - MA, MSc, MCom, MFA စသည့် ၂ နှစ် မဟာဘွဲ့သင်တန်းများ။
  - **သုတေသနနှင့်** ပါရဂူဘွဲ့သင်တန်းများ။

- **မဟာဌာနများနှင့် အဓိကဘာသာရပ်များ (Faculties & Departments)**
  - တက္ကသိုလ်တွင် ဝိဇ္ဇာ (Arts)၊ သိပ္ပံ (Science)၊ လူမှုရေးသိပ္ပံ (Social Sciences)၊ ဆေးပညာ (Medicine - IMS)၊ အင်ဂျင်နီယာ (IIT-BHU)၊ စိုက်ပျိုးရေး (Agriculture) စသည့် မဟာဌာန (Faculties) ၁၄ ခုနှင့် ဌာနခွဲ (Departments) ပေါင်း ၁၄၀ ကျော် ရှိပါသည်။

- **ဝင်ခွင့်စနစ် (Admissions)**
  - နိုင်ငံတကာကျောင်းသားများ (International Students) အနေဖြင့်မူ သက်ဆိုင်ရာ နိုင်ငံတကာရေးရာရုံး (International Centre) မှတစ်ဆင့် တိုက်ရိုက်သော်လည်းကောင်း၊ http://bhufsradm.samarth.edu.in/2026 (နှစ်အလိုက် ၂၀၂၆/၂၀၂၇ စသည်ဖြင့် ခုနှစ်ပြောင်းလဲသည်) တွင်သော်လည်းကောင်း၊ **ICCR (Indian Council for Cultural**

**Relations) ပညာသင်ဆု** အစီအစဉ်များမှ တစ်ဆင့်သော်လည်းကောင်း ဝင်ခွင့်လျှောက်ထားနိုင်ပါသည်။

○ Online စနစ်ဖြင့်သာ လျှောက်ထားရသည်။

**ကျောင်းခေါ်ချိန်**

Ph.D တန်းအတွက် ၁၁ လပိုင်း ၁၂ လပိုင်းတွင်တစ်ကြိမ်၊ ၄ လပိုင်း ၅ လပိုင်းတွင်တစ်ကြိမ် ကျောင်းခေါ်လေ့ရှိသော်လည်း နှစ်စဉ် အပြောင်းအလဲရှိတတ်သည်။

M. A. တန်းအတွက် ၄ လပိုင်း ၅ လပိုင်း ဝန်းကျင်တွင် ကျောင်းခေါ်လေ့ရှိသည်။

**မြန်မာရဟန်းတော်များ ကျောင်းလျှောက်ရာတွင် လိုအပ်သောအချက်အလက်များ**

၁။ Passport

၂။ အလတ်တန်း အောင်လက်မှတ်နိုတြီ နှင့် အမှတ်စာရင်း

၃။ အကြီးတန်း အောင်လက်မှတ်နိုတြီ နှင့် အမှတ်စာရင်း

၄။ ဓမ္မာစရိယ သို့မဟုတ် B.A အောင်လက်မှတ်နိုတြီ နှင့် အမှတ်စာရင်း

၅။ M.A အောင်လက်မှတ်နှင့် အမှတ်စာရင်း

၆။ Synopsis တစ်စောင်

**မှတ်ချက်။ ။ M.A အတွက် အမှတ်စဉ် ၁၊ ၂၊ ၃၊ ၄ သာလိုအပ်ပြီး Ph.D အတွက် ၆ ချက်လုံး လိုအပ်သည်။**

**ပညာသင်ကြားခနှင့် ကုန်ကျစရိတ်**

ကျောင်းလျှောက်လွှာတင်ချိန်တွင် ရူပီး ၆၀၀၀ ပေးသွင်းရသည်။ (တစ်ကြိမ်သာ)

ကျောင်းလက်ခံလျှင် Ph.D တန်းအတွက် ရူပီး ၇၀၀၀၀၊ M.A တန်းအတွက် ရူပီး ၆၀၀၀၀ (နှစ်စဉ်ပေးသွင်းရမည်)

Semester fee

Ph.D တန်းများအတွက် တစ်နှစ်တစ်ကြိမ် ရူပီး ၂၅၀၀ ခန့် ပေးသွင်းရသည်။

M.A တန်းများအတွက် Semester လေးခုရှိရာ တစ်ခု တစ်ခုအတွက် ရူပီး ၁၅၀၀ ခန့် ပေးသွင်းရသည်။

**အဆောင်ကြေး**

နိုင်ငံခြားကျောင်းသားများအတွက် International Students Hostel သီးသန့်ရှိသည်။ တစ်ခန်းနှစ်ယောက် ရေချိုးခန်း အိမ်သာ မိးဖိုချောင် ပါဝင်သည်။ ခြောက်လတစ်ကြိမ်ပေးသွင်းရသည်။ ပထမ ခြောက်လတွင် ရူပီး ၂၇၅၀၀ ပေးသွင်းရပြီး နောက်အကြိမ်များတွင် ရူပီး ၁၅၅၀၀ ပေးသွင်းရသည်။ ရေ/မီးကြေးများ ထပ်မံပေးသွင်းစရာ မလိုပါ။

**စားသောက်စရိတ်**

လစဉ် ရူပီး ၃၀၀၀ စီစုပြီး မြန်မာကျောင်းသားများ စုပေါင်းကာ အလှည့်ကျ ချက်ပြုတ် ဘုဉ်းပေးကြသည်။

ကျောင်းကြေး၊ အဆောင်ကြေး၊ စားစရိတ် စုစုပေါင်းကုန်ကျနိုင်ငွေပမာဏ

Ph.D ကျောင်းသားများ ၄ နှစ်တာအတွက် ရူပီး (၅၆၇,၀၀၀) ဝန်းကျင်

M.A ကျောင်းသားများ ၂ နှစ်တာအတွက် ရူပီး (၂၈၀,၀၀၀) ဝန်းကျင်

**မှတ်ချက်။ ။ လမ်းစရိတ်နှင့် တခြားအသုံးစရိတ်များမပါ။**

အသေးစိတ်အချက်အလက်များကို အောက်ပါ လိပ်စာတွင် လေ့လာနိုင်သလို၊ MSAS ၏ YouTube စာမျက်နှာတွင်လည်း လေ့လာနိုင်ပါသည်။

**Website:** **https://www.bhu.ac.in/**

**YouTube Video:** **Banaras Hindu University, India**

နိုင်ငံတကာ တက္ကသိုလ်များတွင်
ပညာသင်ကြားလိုသော ကျောင်းသားများအတွက်
တက္ကသိုလ်နှင့် သက်ဆိုင်သော သတင်းအချက်အလက်များကို
စုစည်းတင်ပြထားသည်။
နှစ်သက်ရာ တက္ကသိုလ်ကို ရွေးချယ် တက်ရောက်နိုင်ပါသည်။

မြန်မာကျောင်းသားများအဖွဲ့အစည်း-သီရိလင်္ကာ